ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက်၊ တနင်္ဂနွေနေ့၊ (9-10-2005)(၄၇၄၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ရှိသည်များကို ညှိနှိုင်းဆွေးနွေးနေ လုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့ ၏ မိမိတို့နှင့်သက်ဆိုင်သည့် အမျိုးသားညီလာခံလုပ်ငန်းများ ကြိုတင်ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၈

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေး(၆/၂၀၀၅)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အစည်းအဝေး (၆/၂၀၀၅)သို့ တက်ရောက်ဆွေးနွေး မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၈-၁၀-၂၀၀၅

ထားဝယ်	၂ ဒသမ ၂၄ လက်မ
မကွေး	၁ ဒသမ ၇၃ လက်မ
ကလေး	၁ ဒသမ ၆၆ လက်မ
ဘီးလင်း	၁ ဒသမ ၄၂ လက်မ
အောင်လံ	၁ ဒသမ ၃၀ လက်မ
မော်လိုက်	၁ ဒသမ ၁၈ လက်မ
ပြည်	၁ ဒသမ ၁၄ လက်မ
မင်းဘူး	၀ ဒသမ ၈၇ လက်မ
ပျဉ်းမနား	၀ ဒသမ ၅၉ လက်မ
မြင်းခြံ	၀ ဒသမ ၅၁ လက်မ

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၉-၁၀-၂၀၀၅
(တနင်္ဂနွေနေ့)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံပေါ်ထွန်းလာရေး ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်

ယနေ့ အချိန်အခါသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော် အင်အားသုံးရပ်၏ စွမ်းပကားဖြင့် ဟန်ချက်ညီညီ ပေါင်းစည်းအားပြု ကြိုးပမ်းတည်ဆောက်နေသော ကာလဖြစ်သည်။

နိုင်ငံတိုင်း၊ လူမျိုးတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားစေလိုသည့် ဆန္ဒရှိကြသည်။ နိုင်ငံတော်အစိုးရတိုင်းကလည်း မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများ ဥပဒေဘောင်အတွင်း လွတ်လပ်စွာ ရှင်သန်ရပ်တည်ပြီး လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေထိုင်နိုင်စေရန် စိတ်ကောင်းစေတနာမွန်ဖြင့် အခြေခံကောင်း၊ အခွင့်အလမ်းကောင်းများကို ဖန်တီးတည်ဆောက်ပေးကြ စမြဲပင်ဖြစ်သည်။

ယင်းကဲ့သို့ နိုင်ငံနှင့် လူမျိုးတိုးတက်ကြီးပွားရေးကို ဖော်ဆောင်ကြိုးပမ်းရာတွင် နိုင်ငံတိုင်း၌ သမိုင်းကြောင်းအခြေခံများ၊ ပကတိ ဘဝအခြေအနေများ၊ အမျိုးသားရေး စရိုက်လက္ခဏာများနှင့်အညီ အမျိုးသားရေး အကျိုးစီးပွားအဖြစ်ထွန်းနိုင်ဆုံး လမ်းကြောင်းမှန်ပေါ်တွင် လွတ်လပ်စွာ ရွေးချယ်လျှောက်လှမ်းနိုင်ခွင့်ရှိကြသည်။

သို့သော်လည်း တိုင်းတစ်ပါး ဩဇာအာဏာလွှမ်းမိုးမှု ကင်းစင်စွာဖြင့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံပီသစွာ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား ရပ်တည်နေနိုင်ရန်မှု အထူးအလေးထား ဂရုပြုကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်နိုင်ငံအဖို့ မိမိနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းကြောင်းမှန်ကို ရွေးချယ်လျှောက်လှမ်းရာတွင် သူတစ်ပါးဖန်တီးလာသည့် အကျပ်အတည်း အခက်အခဲများကို ဆန့်ကျင်တွန်းလှန်ရင်း အမျိုးသားရေးအားမာန်ဖြင့် ကိုယ့်အားကိုယ်ကိုး အားထုတ်ကြိုးပမ်းကြရမည်ဖြစ်သည်။

ယခုအခါ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားဖြင့် နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တည်ဆောက် ဖြည့်ဆည်းပေးလျက်ရှိသဖြင့် ပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအဆင့်များ အဘက်ဘက်မှ မြင့်မားလာလျက်ရှိသည်။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ၏ သမိုင်းကြောင်း အခြေခံများနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တွင် ပါရှိပြီး ပထမဆုံးနှင့် အရေးအကြီးဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကြီးကို ကျင်းပလျက်ရှိရာ ညီလာခံ၏ လုပ်ငန်းများ ခရီးပေါက်၍ အောင်မြင်မှုအရှိန်အဟုန် ရရှိနေပြီဖြစ်သည်။

ယင်းသို့ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ညီညီညွတ်ညွတ်လက်တွဲ၍ တိုင်းကျိုးပြည်ကျိုးဆောင် လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိစဉ် တစ်ဖက်မှ ပြည်တွင်း၊ ပြည်ပအဖျက်အုပ်စုများကလည်း နိုင်ငံတော် တည်ငြိမ်မှုပျက်ပြားစေရန်နှင့် ပြည်သူများ ထိခိုက်နစ်နာစေရန် စီးပွားရေးပိတ်ဆို့မှုများဖြင့် အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသည်။

ယင်းတို့က မည်သို့ပင် အဖျက်လုပ်ရပ်အမျိုးမျိုးဖြင့် တားဆီးပိတ်ပင်နှောင့်ယှက်လာကြစေကာမူ နိုင်ငံတော်အစိုးရ အနေဖြင့် ဒီမိုကရေစီနိုင်ငံကူးပြောင်းရေးတွင် အလွန်အရေးကြီးသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးကို အလေးအနက်ထား၍ ဆောင်ရွက်သွားမည်သာဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လိုလားတောင့်တနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ကြိုးပမ်း ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဦးဆောင်သောအဖွဲ့ ကျေးရွာများသို့ ကွင်းဆင်း၍ မိသားစုစားပွဲဝိုင်းဖြင့် ရင်းရင်းနှီးနှီးတွေ့ဆုံ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ပညာပေးဆွေးနွေးဟောပြော

ရန်ကုန် အောက်တိုဘာ ၈

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ ဦးဆောင်သောအဖွဲ့သည် တနင်္သာရီတိုင်းအတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စီးပွားရေးဆိုင်ရာများကို ကွင်းဆင်းဆွေးနွေးဟောပြော ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃ရက် နံနက်ပိုင်းတွင် ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မိသားစုစားပွဲဝိုင်းဖြင့် ရင်းရင်းနှီးနှီးတွေ့ဆုံဆွေးနွေးခဲ့သည်။ အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ မလိဝမ်း၊ ဘန်းကချွန်း၊ အော်ကြီး၊ ၁၀မိုင်ကျေးရွာအုပ်စုနှင့် ခုနစ်မိုင်ကျေးရွာအုပ်စုများမှ ကျေးလက်နေပြည်သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်နှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၂၁၀တို့ တက်ရောက်ခဲ့ကြသည်။

ပညာပေးဟောပြော

ထိုသို့ တွေ့ဆုံရာတွင် တနင်္သာရီတိုင်းသည် တစ်ဖက် နိုင်ငံနှင့် မိုင်ပေါင်းများစွာ ထိစပ်လျက်ရှိသည့် အခြေအနေများ၊ လူမှောင်ခိုကုန်ကူးသူများ၏ သွေးဆောင် ဖြားယောင်းမှုကြောင့် အမျိုးသမီးများနှင့် ကလေးငယ်များ လူမှောင်ခို ကုန်ကူးမှုမခံရစေရေး ဆိုင်ရာများကို ပညာပေးဟောပြောကြသည်။

ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့အကြောင်း သိကောင်းစရာများနှင့် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ဆောင်ရွက်ပေးနေသော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အမျိုးသမီးများဘဝ လုံခြုံရေးစသည်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ချို့တဲ့ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၅၀၊ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၅၀၀၊ အိုင်အိုဒင်းဆားပိသာ ၃၀၀၊ မျိုးဆက်ပွားကျန်းမာရေး ပညာပေး ဗီစီဒီ အချပ် ၃၀၊ ကက်ဆက်ခွေ ၂၀၊ ဆေးစိမ်ခြင်ထောင် အလုံး ၅၀တို့ကို ပေးအပ်လှူဒါန်းထောက်ပံ့ကြရာ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ချို့တဲ့ကျောင်းသူ ကိုယ်စားလှယ်များက လက်ခံကြသည်။

ထို့နောက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး ဓာတ်သွေး၊ ဓာတ်မာန် သီချင်းများကို သံပြိုင်သီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆေးဝါးကုသပေး

ထိုမှတစ်ဆင့် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ၊ တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဝင်းနှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် အောင်ဘာစံပြကျေးရွာသို့ ရောက်ရှိကြပြီး ကျေးလက်ကျန်းမာရေး ဌာန၌ အထူးကု ဆရာဝန်ကြီးများအဖွဲ့က မျက်စိဝေဒနာရှင်များ၊ ကိုယ်ဝန်ဆောင် မိခင်များ၊ သွားဝေဒနာရှင်များ၊ အထွေထွေရောဂါဝေဒနာရှင်များနှင့် ငှက်ဖျားရောဂါ ဝေဒနာရှင်များ စုစုပေါင်း ၂၂၅ ဦးတို့အား ဆေးဝါးကုသပေးကြသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များသည် အောင်ဘာစံပြကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျေးရွာနေပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုစားပွဲဝိုင်းဖြင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြရာ စုစုပေါင်းအင်အား ၃၅၀တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အောင်ဘာစံပြကျေးရွာ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး အခြေအနေများသည် ယခင်ကနှင့်မတူ တိုးတက်လျက်ရှိကြောင်း ကျေးရွာပြည်သူများက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားဆွေးနွေးကြသည်။

ထို့နောက် အောင်ဘာစံပြကျေးရွာအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၅၀၊ ကျေးရွာစာကြည့်တိုက်အတွက်စာအုပ် ၆၅၀၊ ဆေးစိမ်ခြင်ထောင် အလုံး ၃၀၊ အိုင်အိုဒင်းဆားပိသာ ၃၀၀၊မျိုးဆက်ပွား ကျန်းမာရေး ပညာပေး ဗွီစီဒီအချပ် ၅၀နှင့် ကက်ဆက်ခွေ ၃၀တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နေအိမ်များ၌ သောက်သုံးရေနှင့် ဘုရားပန်းအိုးတို့ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံလှူဒါန်းစဉ်။ (သတင်းစဉ်)

တွေ့ဆုံ

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ ဦးဆောင်သောအဖွဲ့ဝင်များသည် အောက်တိုဘာ ၄ရက် နံနက် ၈နာရီခွဲတွင် ကရသူရီမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသူများ၊ ပြည်သူများနှင့် တွေ့ဆုံခဲ့ရာ စုစုပေါင်း အင်အား ၂၅၀တို့ တက်ရောက်ကြသည်။

ယင်းနောက် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကရသူရီမြို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်သက်၍ တိုးတက်မှုအခြေအနေများကို မေးမြန်း၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ ဆောင်ရွက်ချက်များနှင့် အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကရသူရီမြို့ရှိ ကျောင်းသားများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ စာကြည့်တိုက်အတွက် သုတ၊ ရသ၊ စာအုပ် ၄၅၀၊ အိုင်အိုဒင်းဆား ပိသာ ၃၀၀နှင့် ဆေးစိမ်ခြင်ထောင် အလုံး ၅၀ တို့ကို လှူဒါန်းခဲ့သည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁နာရီတွင် ဘုတ်ပြင်းမြို့နယ် မာန်အောင် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းခန်းမ၌ ဘုတ်ပြင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကျေးရွာသူများ၊ ကျောင်းသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြပြီး ကျန်းမာစွာနေထိုင်စားသောက်ရေး၊ အမျိုးသမီးတို့၏ ဘဝလုံခြုံရေး၊ မြန်မာနိုင်ငံ အမျိုး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ➪

❒ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ၂၀၀၅ခုနှစ် နှစ်ကုန်တွင် ပြန်လည်ကျင်းပမည်ဖြစ်သော အမျိုးသားညီလာခံသို့ တင်ပြရန်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးကာလတွင် အစည်းအဝေးများကို မိမိတို့စဉ်ဆက်မပြတ် ကျင်းပပြီး ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ ဤကဲ့သို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က အစည်းအဝေးများကျင်းပပြီး အမျိုးသားညီလာခံတွင် ဆောင်ရွက်ရန်ရှိသည်များကို ညှိနှိုင်းဆွေးနွေးနေသည့်နည်းတူ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့သည်လည်း မိမိတို့နှင့်သက်ဆိုင်သည့် အမျိုးသားညီလာခံလုပ်ငန်းများကို ကြိုတင်စီစဉ်ဆောင်ရွက်လျက်ရှိကြကြောင်း။

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အစည်းအဝေး (၆/၂၀၀၅)တွင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံတစ်ရပ် ပြန်လည်ကျင်းပသည့် အခါ ဆောင်ရွက်ရန်ရှိသည့် ကိစ္စများဖြစ်သည့် ညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားရေးကိစ္စ၊ ကြိုဆိုရေးကိစ္စ၊ သယ်ယူပို့ဆောင်ရေးကိစ္စ၊ နေထိုင်စားသောက်ရေးကိစ္စ စသည့် အုပ်ချုပ်မှုကိစ္စ အဝဝလစ်ဟာမှုမရှိအောင် ကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် ကြိုကြိုတင်တင်စီမံဆောင်ရွက်ထားကြရန် မှာကြားလိုကြောင်း။

ယခုကော်မရှင်အစည်းအဝေးတွင် လာမည့်အမျိုးသားညီလာခံသို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက တင်ပြရန်ရှိသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ညှိနှိုင်းအကြံပြု ဆွေးနွေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက်အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူးပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီကတင်ပြသည့် ကိစ္စရပ်များကို အစည်းအဝေးတက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက စိစစ်အကြံပြုဆွေးနွေးကြသည်။

ဆွေးနွေးမှာကြား

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။
၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။
၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။
၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

➪ **စာမျက်နှာ ၂ မှ**

သမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့၏ ဆောင်ရွက်ချက်များ၊ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်းများကို ရှင်းလင်းပြောကြား ဆွေးနွေးကြသည်။

ထို့နောက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရေး အကြောင်းဟောပြော၍ ဇာတိမာန်သီချင်းကို သံပြိုင်သီဆိုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံ ဒါဇင် ၅၀၊ မြို့နယ်အတွင်းရှိစာကြည့်တိုက်အတွက် စာအုပ် ၅၅၀၊ ဆေးစိမ်ခြင်ထောင် အလုံး ၅၀၊ အိုင်အိုဒင်းဆား ပိဿာ ၃၀၀၊ မျိုးဆက်ပွားကျန်းမာရေး ပညာပေး ဗွီစီဒီအချပ် ၂၀နှင့် ကက်ဆက်ခွေ ၂၀တို့ကို လှူဒါန်းကြောင်းသိရှိရသည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များသည် တနင်္သာရီတိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဆွေဝင်း ခေါင်းဆောင်သော အထူးကု ဆရာဝန်ကြီးအဖွဲ့က ဆေးဝါးကုသပေးလျက်ရှိသည့် ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ အဖွဲ့ဝင်များသည် အောက်တိုဘာ ၅ ရက်နံနက် ၈ နာရီတွင် ပြည်ကြီးမဏ္ဍိုင်မြို့သို့ ရောက်ရှိပြီး ပြည်ကြီးမဏ္ဍိုင်မြို့ ၁၆ခုတင်ဆံ့ ဆေးရုံသစ်ဖွင့်ပွဲသို့ တက်ရောက်ကြပြီး ဆေးငွေပဒေသာပင်အတွက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က လှူဒါန်းသော ငွေကျပ်တစ်သိန်းကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့က လှူဒါန်းသော ငွေကျပ်တစ်သိန်းကို တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးက လည်းကောင်း ဆေးရုံအုပ်ကြီးသို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ပြည်ကြီးမဏ္ဍိုင်မြို့ရှိ ကျောင်းအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၊ စာကြည့်တိုက်အတွက် စာအုပ် ၄၅၀၊ ဆေးစိမ်ခြင်ထောင် အလုံး ၅၀၊ မျိုးဆက်ပွားကျန်းမာရေး ပညာပေး ဗွီစီဒီ အချပ် ၂၀နှင့် အိုင်အိုဒင်းဆား ပိဿာ ၃၀၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မွန်းလွဲ ၁နာရီတွင် တနင်္သာရီမြို့နယ် ရေဖြူကျေးရွာအုပ်စုရှိ ကမ္ဘောဇကုမ္ပဏီ ရှင်းလင်းဆောင်၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များအား တွေ့ဆုံ၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်ပြီး အကောင်အထည်ဖော်ရာတွင်လက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးကြသည်။

တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ ဦးဆောင်သော အဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကျွန်းစုမြို့နယ် ကံမော်ကျေးရွာသို့အောက်တိုဘာ ၆ရက်တွင် သွားရောက်ပြီး ကျေးရွာတွဲဖက်အထက်တန်းကျောင်း ခန်းမ၌ ကျေးလက်နေပြည်သူများ၊ ကံမော်ကျေးရွာအမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၅၀အား တွေ့ဆုံ၍ ကံမော်ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊စီးပွားရေး အခြေအနေများကို မေးမြန်းကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့၏ ရည်ရွယ်ချက်များကို ဟောပြောဆွေးနွေးကြသည်။ ဆက်လက်၍ တိုင်းအမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာနကြီး တာဝန်ခံ ဒေါ်ခင်သိန်းက အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးအကြောင်းကို ဟောပြောသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့သည် ဗလာစာအုပ် ဒါဇင် ၁၀၀၊ ခဲတံဒါဇင် ၅၀၊ ကွန်ပါဘူး ၃၀၊ ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၅၅၀၊ ကျေးရွာလူထုအတွက် အိုင်အိုဒင်းဆား အထုပ် ၁၀၀၊ မျိုးဆက်ပွား ကျန်းမာရေး ပညာပေး ဗွီစီဒီ ၂၅ချပ်၊ ကက်ဆက်ခွေ ၂၀၊ ဆေးစိမ်ခြင်ထောင် အလုံး ၃၀နှင့် ကိုယ်ဝန်ဆောင် အားဆေးများကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။ ယင်းနောက် ကံမော်ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၁၀၀ကို ပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်နွဲ့က လက်ခံသည်။

ထို့နောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များသည် အထူးကု ဆရာဝန်ကြီးများ၏ အခမဲ့ဆေးကုသခြင်းများကို လိုက်လံကြည့်ရှုအားပေးကြပြီး မျက်စိဝေဒနာရှင်များအတွက် မျက်မှန်များကို လှူဒါန်း၍ မူလတန်းကျောင်းသား၊ ကျောင်းသူလေးများအား သန်ချဆေးများ တိုက်ကျွေးကြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ သုဝဏ္ဏ (၂၉)ရပ်ကွက် ရွှေဝါထွန်းလမ်းနေ ဒေါ်နှင်းယုဝေအားရည်စူး၍ ဦးဇာနည်အောင်က ငွေကျပ်တစ်သိန်းငါးသောင်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရွှေပြည်ဟိန်းဆရာတော် တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၈

ပိဋကတစ်ပုံခွဲဆောင် နိုင်ငံတော်မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသိရိလင်္ကာရသည် သီတင်းကျွတ်လဆန်း ၈ရက်၊ အောက်တိုဘာ ၁၀ရက် နံနက် ၉နာရီတွင် ရန်ကင်းပြည်သာယာဓမ္မာရုံ၊ မွန်းလွဲ ၁နာရီခွဲ၌ ဗဟန်းအောင်ချမ်းသာဓမ္မာရုံ၊ ညနေ ၃နာရီတွင် ဘောက်ထော်နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံနှင့် ညနေ ၆နာရီတွင် စမ်းချောင်း မြသိန်းတန်အောင်ဓမ္မာရုံတို့၌ တရားတော်များ ဟောကြားမည်ဖြစ်၍ ကြွရောက်နာယူနိုင်ကြောင်းသိရသည်။

(က–ပ)

မြိုင်ဆရာတော် တရားဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၈

ဖြူးဆရာတော်၏တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ၊ နယ်လှည့်ဓမ္မကထိက)သည် အောက်တိုဘာ ၁၀ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်း သာကေတမြို့နယ် ၆/အရှေ့ ရပ်ကွက် အောင်သုခ ၂၄လမ်း ပုညကာရီဆွမ်းလောင်းအသင်း ဓမ္မသဘင်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။

(က–ပ)

အဆိုပါ ဆေးကုသရာတွင် မျက်စိဝေဒနာရှင်များ၊ သွားဝေဒနာရှင်များ၊ ကိုယ်ဝန်ဆောင် မိခင်များ၊ အထွေထွေရောဂါဝေဒနာရှင်များ၊ တီဘီရောဂါဒေနာရှင်များ၊ ငှက်ဖျားရောဂါဝေဒနာရှင်များနှင့် ကလေးလူနာများ စုစုပေါင်း ၂၀၀တို့အား အခမဲ့ဆေးကုသပေးခဲ့သည်။ (သတင်းစဉ်)

မြန်မာနိုင်ငံပြင်ပ၌ အင်အားပြင်း မြေငလျင်လှုပ်

ရန်ကုန် အောက်တိုဘာ ၈

မြန်မာစံတော်ချိန် နံနက် ၁၀နာရီ ၂၆မိနစ် ၂၃စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၉၀၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၏ အရှေ့မြောက်ဘက် မိုင် ၆၀ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၆ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

နောက်ဆက်တွဲလျင်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅နာရီ ၂၁မိနစ် စက္ကန့် ၅၀ အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက် မိုင် ၁၉၆၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့၏ မြောက်ဘက် မိုင် ၁၀၀ ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၃ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်းကိုတိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

နယူးယောက်မြေအောက်ရထား တိုက်ခိုက်ခံရမည့်အန္တရာယ်ရှိနေ ရဲတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားပြီး လုံခြုံရေး တင်းကျပ်ထား

နယူးယောက် အောက်တိုဘာ ၇

နယူးယောက်မြို့ မြေအောက်ရထားလမ်းများတွင် တိုက်ခိုက်ခံရမည့် အန္တရာယ်ရှိနေကြောင်း သတိပေးချက် ရရှိထားသည့်အတွက် ရဲတပ်ဖွဲ့ဝင်များ ပိုမိုချထားကာ လုံခြုံရေးတင်းကျပ်ထားကြောင်း အများသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်း အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ တွမ်ကယ်လီက ပြောကြားသည်။

နယူးယောက်မြို့ မြေအောက်ရထား လုံခြုံရေးအတွက် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးမှုများ ပြုလုပ်နေသည်ကို အောက်တိုဘာ ၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အထက်ပါသတိပေးချက်များ ရရှိပြီးနောက် နယူးယောက် ရဲတပ်ဖွဲ့က ရဲတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားခြင်း၊ အနံ့ခံခွေးများ ထားရှိခြင်း စသည့် အကာအကွယ်များကို တိုးမြှင့်ပြုလုပ်ထားကြောင်း သိရသည်။

ဝေဖန်ခြင်းမရှိ

မြေအောက်ရထားလမ်းနှင့်ပတ်သက်သော ခြိမ်းခြောက်မှုသည် မည်မျှပြင်းထန်သည်၊ မည်သည့်ခြိမ်းခြောက်မှုအမျိုးအစားဖြစ်သည်စသော အသေးစိတ်အချက်အလက်များကိုမူ တွမ်ကယ်လီက ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိပေ။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နယူးယောက်မြို့တော်ဝန်မိုက္ကယ်လမ်ဘစ်က သော်လည်းကောင်း၊ ရဲတပ်ဖွဲ့အကြီးအကဲ ရေးကယ်လီက သော်လည်းကောင်း တစ်စုံတစ်ရာ ဝေဖန်ပြောကြားကြခြင်း မရှိကြောင်း သိရသည်။

နိုးနိုးကြားကြားရှိနေ

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က ဖြစ်ပွားသော ကမ္ဘာ့ကုန်သွယ်ရေးဗဟိုဌာနကို တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီးသည့်အချိန်မှစ၍ နယူးယောက်မြို့မှ တာဝန်ရှိသူများသည် လုံခြုံရေးနှင့်ပတ်သက်၍ နိုးနိုးကြားကြား ရှိနေခဲ့သည်ဟုဆိုသည်။

ရှာဖွေစစ်ဆေး

ယခုနှစ် ဇူလိုင်လက လန်ဒန်မြို့တွင် ဗုံးဖောက်ခွဲမှုများ ဖြစ်ပွားခဲ့သည်။ ထိုကိစ္စပေါ်ပေါက်ပြီးနောက်နယူးယောက်ရဲများသည် ခရီးသည်များ၏ ဝန်စည်စလှယ်များကိုရှာဖွေစစ်ဆေးမှုများပြုလုပ်ခဲ့ကြသည်။ ***အမ်အင်အေ၊ရိုက်တာ***

ဗြိတိန်နိုင်ငံရှိ အလယ်တန်းကျောင်းသားများ စာပေတတ်မြောက်ကျွမ်းကျင်မှုအားနည်း

လန်ဒန် အောက်တိုဘာ ၇

အလယ်တန်းကျောင်းသို့ ရောက်ရှိလာသည့် ဗြိတိသျှ ကလေးများ၏ စာတတ်မြောက်မှု ကျွမ်းကျင်မှုအခြေအနေသည် နိမ့်ပါးလှသဖြင့် ပြဿနာကို အဆောတလျင် ကုစားရန်လိုအပ်နေပြီ ဖြစ်ကြောင်းဖြင့် ပညာရေးစောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့က ဗုဒ္ဓဟူးနေ့က ပြောကြားလိုက်သည်။

၂၀၀၀ ပြည့်နှစ် နောက်ပိုင်းကာလတွင် အင်္ဂလိပ်စာအဆင့်အတန်း တိုးတက်မှုရှိလာကြောင်း အော့ဖ်စတက်အစီရင်ခံစာတွင်ဖော်ပြထားသည်။သို့ရာတွင် ယင်းအဆင့်မှာ အစိုးရသတ်မှတ်ချက်အောက် လျော့ကျနေပြီး အထူးသဖြင့် ယောကျ်ားကလေးများတွင် ပြဿနာအဖြစ် ဆက်လက်တည်ရှိနေကြောင်းအစီရင်ခံစာက ဖော်ပြသည်။

ခုနစ်တန်းသို့ ရောက်ရှိလာသည့်ကျောင်းသားများ၏ စာတတ်မြောက်ကျွမ်းကျင်မှုနှုန်း မြင့်မားလာရန်အတွက် အပူတပြင်း ဆောင်ရွက်ရန် လိုအပ်နေကြောင်းပညာရေးအဆင့်အတန်းဆိုင်ရာရုံး၏ အစီရင်ခံစာအရ သိရှိရသည်။

အင်္ဂလိပ်ဘာသာရပ် သင်ကြားရာတွင် ဘာသာရပ်အားလုံးတွင် သင့်တင့်သောအနေအထားတွင်သာ ရှိနေပြီး အင်္ဂလိပ်စာသင်ကြားမှု အရည်အသွေးတိုးတက်မှုနှုန်းသည်လည်းကျဆင်းလျက်ရှိသည်ဟု အဆိုပါ အစီရင်ခံစာက ဆိုသည်။

မူလတန်းကျောင်းများမှ သင်ခန်းစာများ၏ ၃၀ ရာခိုင်နှုန်းသည် စိတ်ကျေနပ်မှုရှိစရာ အခြေအနေ မရှိကြောင်း၊ ဆရာများ၏ သင်ကြားမှုအရည်အသွေးသည် အားနည်းသော အကြောင်းတစ်ရပ်ဖြစ်နေသည်ဟုဖော်ပြပါရှိသည်။

ကျောင်းသားများ၏ ပညာအဆင့်အတန်း ထူးထူးခြားခြား မြှင့်တင်ပေးရန် ဖြစ်နိုင်ဖွယ်မရှိကြောင်း၊ အထူးသဖြင့် စာတတ်မြောက်ကျွမ်းကျင်မှုနည်းပါးသည့် အဆင့်ဖြင့်ကျောင်းတက်သူများအတွက် ပို၍မလွယ်ကူကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ ***အမ်အင်အေ***

အီရတ်တွင် တိုက်ခိုက်မှု များပြားလာဖွယ်ရှိ ဗြိတိန် ကာကွယ်ရေးဝန်ကြီး သတိပေး

နယူးဒေလီ အောက်တိုဘာ ၇

အီရတ်ပြောက်ကျားများသည် အစိုးရအသစ်အတွက် ဒီဇင်ဘာလကျင်းပမည့် အထွေထွေရွေး ကောက်ပွဲတစ်ခုကို ဦးဆောင်သောအရပ်သားများနှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို ပိုမိုပြင်းထန်စွာ တိုက်ခိုက်လာဖွယ်ရှိကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဂျွန်ရိဒ်က အောက်တိုဘာ ၅ ရက်တွင် ပြောကြားခဲ့သည်။

အီရတ်နိုင်ငံတွင် ရိုးယိုက်လူမျိုးအများအပြားနေထိုင်လျက်ရှိရာ ၎င်းတို့ကို သတ်ဖြတ်ခြင်းဖြင့် ခုခံရေးသမားပြောက်ကျားများသည် ပြည်တွင်းစစ် ဖြစ်ရန်ကြိုးစားနေခြင်းဖြစ်သည်ဟု ရိဒ်ကသတိပေးပြောဆိုခဲ့သည်။

အီရတ်နိုင်ငံတွင် ခုခံရေးသမားများအယူသီးမှု ပြင်းထန်ခြင်း၊ ပြင်းထန်စွာ တိုက်ခိုက်ခြင်းတို့ကို အချိန်ကာလတစ်ခုအတွင်း၌ ပိုမိုလုပ်ရှားပိုမိုပြုလုပ်လာစရာရှိကြောင်း ရိဒ်က အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ အလည်ခရီးသွားရောက်စဉ်သတင်းစာရှင်းလင်းပွဲ၌ပြောကြားခဲ့သည်။

ပြောက်ကျားများသည် ပြည်တွင်းစစ်ဖြစ်ရန် ဖန်တီးနေခြင်းသာမဟုတ် အမေရိကန်၊ ဗြိတိန်နှင့်အခြားမဟာမိတ်တပ်ဖွဲ့ဝင်များကိုလည်း တိုက်ခိုက်လျက်ရှိကြောင်း ၎င်းကပြောကြားခဲ့သည်။ ရှိုးယိုက်များကို ၎င်းပြောက်ကျားများ သတ်ဖြတ်နေခြင်းသည် အာဃာတကြီးမားမှုတစ်ရပ်အဖြစ် ဆောင်ရွက်နေခြင်းဖြစ်ပြီး ၎င်းတို့သည် ပြည်တွင်းစစ်ကို ဖန်တီးရန်အတွက် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်ဟု ၎င်း၏အမြင်ကို ရိဒ်ကဆိုသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များဝင်ရောက်ကျူးကျော်တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ဗြိတိန်တပ်ဖွဲ့ဝင် ၉၅ ဦးအီရတ်၌ သေဆုံးခဲ့ရပြီဖြစ်သည်။ အီရတ်နိုင်ငံတောင်ပိုင်း၌ ဗြိတိန်တပ်ဖွဲ့ဝင် ရာပေါင်းများစွာချထားသည်။ အီရတ်နိုင်ငံတွင်အစိုးရသစ်တစ်ရပ်တည်ထောင်နိုင်ရန်အတွက် ဗြိတိန်တပ်ဖွဲ့ဝင်များကို ဆက်လက်၍ ထိုနိုင်ငံတွင်ချထားမည်ဖြစ်သည်ဟု ရိဒ်က ပြောကြားသည်။ ***အင်တာနက်***

အိန္ဒိယမြောက်ပိုင်းတွင် မြေငလျင်ကြီးလှုပ် ၇၄၆ဦးထက်မနည်းသေဆုံး၊ ၂၀၀ ကျော်ဒဏ်ရာရ

ဆရင်နဂါး(အိန္ဒိယ) အောက်တိုဘာ ၈

အင်အား ရစ်ချ်တာစကေး ၇ဒသမ၆အဆင့်အထိ ပြင်းထန်သော ငလျင်ကြီးတစ်ခု အိန္ဒိယအနောက်မြောက်ပိုင်းတွင် အောက်တိုဘာ ၈ရက်က လှုပ်ခဲ့ရာ အိန္ဒိယစစ်သည် ၁၅ဦးအပါအဝင် လူ ၇၄၆ဦး အသက်ဆုံးရှုံးခဲ့ရပြီး လူ ၂၀၀ကျော်ကို ကက်ရှ်မီးယားဒေသဆေးရုံသို့ တင်လိုက်ရကြောင်း ပါကစ္စတန်အာဏာပိုင်များက ပြောကြားသည်။

အိန္ဒိယနှင့် ပါကစ္စတန် နယ်ခြားအပစ်အခတ်ရပ်စဲရေး ထိန်းချုပ်ထားသည့် နေရာတစ်လျှောက်ရှိ အိန္ဒိယရေ့တန်းအဆောက်အအုံ တချို့မှာ ပြိုကျခဲ့ရသည့်အပြင် အချို့မှာသစ်ပင်လဲကျခြင်း၊ မြေပြိုကျခြင်း စသည့် အဖြစ်များနှင့် ကြုံတွေ့ကြရသည်။

ဆရင်နဂါးမြို့တော်တွင် အိမ်တစ်လုံးပြိုကျရာအတွင်းရှိ ရှစ်လသားကလေးငယ်မှာ အပြိုအပျက်များအောက် ပိမိသွားသည့်အတွက် သေဆုံးခဲ့ရသည်။

ဆရင်နဂါးမြို့နှင့် ပြည်နယ်အတွင်းရှိ အခြား ဒေသများ၌လည်း အသေအပျောက်များရှိကြောင်း ရဲတပ်ဖွဲ့ပြောရေး ဆိုခွင့်ရှိသူက ပြောကြားသည်။

နိုင်ငံ၏ မြောက်ပိုင်းရှိ ဘာရာမူလာမြို့တွင်လည်း အဆောက်အအုံအပြိုအပျက်များကို တွေ့ကြရပြီး လူနာတင်ယာဉ်များကလည်း လူနာများကို ဆေးရုံသို့ပို့နေသည်ကိုမြင်ကြရသည်။ နိုင်ငံမြောက်ပိုင်း မြို့များဆီသို့ သွားသောလမ်းများသည် မြေပြိုမှုများဖြစ်ပွားထားသဖြင့် လမ်းများ ပိတ်ဆို့လျက်ရှိသည်။ ဆရင်နဂါးမြို့၏ တောင်ကုန်းပေါ်ရှိ ရုပ်သံလွှင့်တိုင်ကြီးသည်လည်း ငလျင်လှုပ်ရှားမှု အရှိန်ကြောင့် ပြိုသွားရသည်။ ယခုငလျင်သည် အင်အား ခုနစ်အထက်ရှိသော ငလျင်ဖြစ်၍ အပျက်အစီးကြီးကြီးမားမားဖြစ်ပေါ်စေနိုင်ကြောင်းသိရသည်။ ***အင်တာနက်***

အောက်တိုဘာ ၈ ရက်က ငလျင်လှုပ်မှုကြောင့် ပြိုကျသွားရသော ပါကစ္စတန်မြို့တော် အစ္စလမ္မာဘတ်ရှိ မာဂလာအဆောက်အအုံကို တွေ့ရစဉ်။

တောင်အာရှဒေသသုံးနိုင်ငံဆုံရာတွင် ငလျင်ကြီးလှုပ် အဆောက်အအုံများပျက်စီးပြီး လူဦးရေ ထောင်ချီသေဆုံးဖွယ်ရှိ

အစ္စလမ္မာဘက် အောက်တိုဘာ ၈

ပါကစ္စတန်နိုင်ငံမြောက်ပိုင်းတွင် လှုပ်သွားသော အင်အားပြင်းငလျင်သည် အိန္ဒိယမြောက်ပိုင်းနှင့် အာဖဂန်ဒေသများတွင်ပါလှုပ်ခဲ့ရာ လူပေါင်း ၁၀၀၀ မကသေဆုံးနိုင်သော အခြေအနေရှိကြောင်းကနဦးသတင်းများကဖော်ပြခဲ့သည်။

ထိုငလျင်သည် အင်အား ၇ဒသမ ၆အဆင့်ရှိပြီး အစ္စလမ္မာဘတ်မြို့၏ မြောက်ဘက်မိုင် ၅၀အကွာ ကက်ရှ်မီးယားနယ်တွင် လှုပ်ရှားခဲ့ခြင်းဖြစ်သည်။ အဆိုပါဒေသရှိ ကျေးရွာအများအပြားမှာ လုံးဝပျက်စီးသွားသည့် အခြေအနေသို့ရောက်သွားသည်သာမက ယခုအချိန်အထိ လူ ၆၀ သေဆုံးရပြီဖြစ်သည်ကို အတည်ပြုချက်ရရှိထားကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ အစ္စလမ္မာဘတ်မြို့ရှိ အပြိုအပျက်များအောက်တွင် ရောက်ရှိနေသော အသက်ရှင်ကျန်ရစ်နေသေးသည့် လူများကို ကယ်တင်နိုင်ရန် ကယ်ဆယ်ရေးလုပ်သားများမှာ ကြိုးစားလျက်ရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ မြို့တော်ကဘူး၊ အိန္ဒိယနိုင်ငံ၏ မြို့တော်ဒေလီမြို့တို့၌ပင် ထိုငလျင်တုန်ခါသွားသည့်ဒဏ်ကို ခံစားလိုက်ကြရသည်။

အဆိုပါဒေသရှိ အချို့သောရွာများမှာ ရွာလုံးကျွတ်ပျက်စီးသွားခဲ့ရကြောင်း သတင်းများရရှိခဲ့သည်ဟု ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး အဖ်ရာဗ်ရှာပေါ်က ဆိုသည်။ ပါကစ္စတန်မြို့တော် အစ္စလမ္မာဘတ်ရှိ အထင်ရှားဆုံးသော မာဂလာအဆောက်အအုံမှာ ပြိုလဲခဲ့ရသည်။

ပြိုပျက်ခဲ့ရသော အဆောက်အအုံအရေအတွက်သည် ၇၅လုံးကျော်ရှိသဖြင့် အထိအခိုက် အသေအပျောက်မှာလည်း ထောင်နှင့်ချီ၍ရှိနိုင်သည်ဟု အရာရှိမိုဟာမက်အလီက ပြောကြားသည်။ ***အင်တာနက်***

တောင်အာဖရိကနိုင်ငံတွင် နေ့စဉ်ကလေးသုံးဦးပျောက်နေ

ဂျိုဟန်နစ္စဘတ် အောက်တိုဘာ ၈

တောင်အာဖရိကနိုင်ငံတွင် နှစ်စဉ်ကလေး ၁၄၀၀မှ ၁၇၀၀ပျောက်ဆုံးနေရသည့် ကိစ္စကို နိုင်ငံရေးအသိုင်းအဝိုင်းမှ တာဝန်ရှိသူများသည် အောက်တိုဘာ၆ရက်နေ့က ထုတ်ဖော်ဆွေးနွေးခဲ့ကြပြီး အမြန်ဆုံး ဖြေရှင်းရန်လည်း တိုက်တွန်းခဲ့ကြသည်။

နှစ်စဉ်ပျောက်ဆုံးရသော ကလေးများ၏ ၁၁ရာခိုင်နှုန်းကိုသာ ပြန်လည်တွေ့ရှိရသည်ဟု ဆိုသည်။အထက်ပါပျောက်ဆုံးမှုအရဆိုပါက နေ့စဉ်ကလေးသုံးဦးနှုန်း သို့မဟုတ် ခုနစ်နာရီခွဲကြာတိုင်း ကလေးတစ်ယောက်နှုန်းဖြင့်ပျောက် ဆုံးနေခြင်းဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ***

ကမ္ဘာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှု များပြား
၂၀၀၄ ခုနှစ်တွင် လူ ၂၅၀၀၀၀ ခန့် သေဆုံးဟုဆို

ဂျနီဗာ အောက်တိုဘာ ၇

အိန္ဒိယသမုဒ္ဒရာတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ၂၀၀၄ ခုနှစ်တွင် လူ ၂၅၀၀၀၀ ခန့် သေဆုံးခဲ့သည်။ ထိုသို့သေဆုံးသူ များပြားရခြင်းသည် အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဆူနာမီလှိုင်းကြီး ယမန်နှစ်က ကျရောက်ခဲ့မှုကြောင့်ဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်ထုတ် အစီရင်ခံစာတစ်စောင်တွင် ရေးသားထားသည်။

၁၉၉၄-၂၀၀၃ ခုနှစ်အထိ ဆယ်စုနှစ်တစ်ခု၏ နှစ်စဉ် ပျမ်းမျှနှုန်းထားများထက် သေဆုံးသူဦးရေ သုံးဆ များပြားလာကြောင်း ကမ္ဘာ့ဘေးအန္တရာယ်ဆိုင်ရာ နောက်ဆုံးအစီရင်ခံစာတွင် နိုင်ငံတကာကြက်ခြေနီအဖွဲ့နှင့်လခြမ်းနီအဖွဲ့များက ဖော်ပြထားကြောင်းသိရှိရသည်။

ဒီဇင်ဘာ ၂၆ ရက်က ဆူနာမီလှိုင်းသည် အိန္ဒိယသမုဒ္ဒရာဝန်းကျင်ရှိ နိုင်ငံပေါင်း ၁၃ နိုင်ငံကို ရိုက်ခတ်ခဲ့ပြီး သီရိလင်္ကာ၊ အင်ဒိုနီးရှားနှင့် အိန္ဒိယ အရှေ့တောင်ဘက်တွင် ဆိုးရွားစွာခံခဲ့ရသည်။ ထိုလှိုင်းကျရောက်မှုကြောင့် သေဆုံးသူ သို့မဟုတ် ပျောက်ဆုံးသူ ၂၃၂၀၁၀ခန့်ရှိခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ၂၀၀၄ ခုနှစ်တွင် ဘေးဒုက္ခကျရောက်သူ ၁၄၆ သန်း ရှိပြီး ယခင်ဆယ်စုနှစ်၏ ပျမ်းမျှ ဘေးအန္တရာယ်ခံစားရသူ လူဦးရေသည် ၂၅၈ သန်းရှိကြောင်း ဘေးဒုက္ခကယ်တင်ရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

၂၀၀၄ ခုနှစ်တွင် ကျရောက်သော အခြားဘေးဒုက္ခကြီးတစ်ခုမှာ ရေလွှမ်းမိုးမှုဖြစ်သည်။ ထိုဘေးဒုက္ခကြီးကြောင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် လူ ၁၁၀၀၀၀ ခန့် ဒုက္ခဒဏ်ခံစားခဲ့ရသည်။ ၂၀၀၄ ခုနှစ်အတွက် ဘေးဒုက္ခ အစီရင်ခံစာ ၇၁၉ ခုရှိပြီး ဆယ်စုနှစ်အတွင်း တတိယအများဆုံး အစီရင်ခံစာများ ဖြစ်သည်။

၂၀၀၀-၂၀၀၄ ခုနှစ်သည် နှစ်စဉ် ဘေးအန္တရာယ်ကျရောက်မှု၏ ပျမ်းမျှခြင်းအခြေအနေကို ယခင်အချိန်ကာလများနှင့် နှိုင်းယှဉ်လျှင် ၅၅ ရာခိုင်နှုန်း ပိုမိုများပြားလာကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၀၄ ခုနှစ်ထိ ယခင်ငါးနှစ်တာကာလအတွင်း ဘေးဒုက္ခကျရောက်သူများ၏ အရေအတွက်သည် ယခင်ငါးနှစ်တာကာလနှင့် နှိုင်းယှဉ်လျှင် သုံးပုံတစ်ပုံ များပြားလာသည်။

ထိုဘေးဒုက္ခ ကျရောက်သူများတွင် ဆင်းရဲသောနိုင်ငံများမှ ပြည်သူများသည် နှစ်ဆရှိကြောင်း၊ အာဖရိကနိုင်ငံများသည် ဘေးဒုက္ခ အများဆုံးခံရသော နိုင်ငံများဖြစ်သည်ဟု ထိုအစီရင်ခံစာတွင် ရေးသားထားသည်။

အမ်အင်အေ၊ ရိုက်တာ။

လက်တင်အမေရိကဒေသ အယ်လ်ဆာဗေဒိုနိုင်ငံတွင် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို အောက်တိုဘာ ၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားတွင် ကြက်ငှက်တုပ်ကွေးကြောင့် သေဆုံးမှုရှိ အိမ်နီးချင်း ဩစတြေးလျနိုင်ငံက ကူညီမည်

ကင်ဘာရာ အောက်တိုဘာ ၇

အိမ်နီးချင်း အင်ဒိုနီးရှားနိုင်ငံတွင် ဖြစ်ပွားနေသော ကြက်ငှက်တုပ်ကွေးရောဂါအခြေအနေကို ထိန်းသိမ်းနိုင်ရန်အတွက် အကူအညီပေးသည့်အနေဖြင့် ဩစတြေးလျနိုင်ငံမှ ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို စေလွှတ်မည်ဖြစ်ကြောင်း ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာက အောက်တိုဘာ ၄ ရက်က ပြောကြားသည်။

အာရှလေးနိုင်ငံတွင် ၂၀၀၃ ခုနှစ်မှစ၍ ကြက်ငှက် တုပ်ကွေးရောဂါ ကွက်ကျားကွက်ကျားဖြစ်ပွားခဲ့ရာ လူ ၆၀ မျှ သေဆုံးခဲ့ရပြီဖြစ်သည်။ ကမ္ဘာပေါ်တွင် စတုတ္ထ လူဦးရေအထူထပ်ဆုံး အင်ဒိုနီးရှားတွင် အိတ်ချ် ၅ အင်န် ၁ ကြက်ငှက်တုပ်ကွေးပိုးကြောင့် လူ ငါးဦး အသက်ဆုံးရှုံးခဲ့ရပြီဟု သက်ဆိုင်ရာ ကျန်းမာရေး တာဝန်ရှိသူများက ယုံကြည်ထားကြပြီးနောက် လူအချို့မှာလည်း ရောဂါအခြေအနေကို အနီးကပ်စောင့်ကြပ်နေရသော အနေအထား ရှိသည်။

ထုတ်ဖော်ပြောကြား

အင်ဒိုနီးရှားနိုင်ငံ၏ ကြက်ငှက် တုပ်ကွေးရောဂါအခြေအနေကို ထိန်းချုပ်နိုင်ရန် ဩစတြေးလျနိုင်ငံသည် တစ်ခါသုံးစာ ဆေးတန်ချိန် ၅၀၀၀၀ ကို ပေးပို့ကူညီခဲ့ပြီးဖြစ်သည်။ နောက်ထပ်လည်း အကြံပေးပုဂ္ဂိုလ်များ ပါဝင်သော ကျွမ်းကျင်သူအဖွဲ့ကို စေလွှတ်ရန် အစီအစဉ်ကို အင်္ဂါနေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုအကူအညီပေးရေး အဖွဲ့သည် ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှု အခြေအနေကို အကဲဖြတ်ခြင်း၊ ကျန်းမာရေး ဓာတ်ခွဲခန်းဆိုင်ရာ အကူပေးခြင်း၊ ပြည်သူလူထုသို့ ပညာပေးခြင်းနှင့် အရေးပေါ် အခြေအနေကိစ္စများတွင် အထောက်အကူပေးမည် ဖြစ်သည်ဟု ဆိုသည်။

ပူပန်

အိတ်ချ် ၅ အင်န် ၁ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်ပိုးသည် ကူးစက်ခံရသူ နှစ်ဦးလျှင် တစ်ဦးကို သေဆုံးစေနိုင်သော အခြေအနေရှိသည်။ သို့ဖြစ်၍ ထိုရောဂါပိုးသည် လူတစ်ဦးမှတစ်ဦး အကြား ကူးစက်နိုင်သော ရောဂါပိုး အသွင်သို့ ပြောင်းလဲသွားမည်ကို ကျွမ်းကျင်သူများက ပူပန်လျက်ရှိကြသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကြောင်းသိရှိရလျှင် အချို့နိုင်ငံများတွင် မွေးမြူရေးကြက်ငှက်များကို အလုံးအရင်းနှင့် သတ်ဖြတ်သည့် လုပ်ထုံးလုပ်နည်းကို ကျင့်သုံးခဲ့ကြသည်။ အင်ဒိုနီးရှားနိုင်ငံသည် အဆိုပါ နည်းအတိုင်း ကျင့်သုံး၍ ရောဂါကာကွယ်ရေးဆောင်ရွက်ရန် တုံ့ဆိုင်းနေခဲ့သည်။ အင်ဒိုနီးရှားသည် ရောဂါကာကွယ်ရေးအတွက် အထူးအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြည်ပအကူအညီရယူခြင်းနှင့် ရန်ပုံငွေစုဆောင်းခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။

အင်ဒိုနီးရှားနိုင်ငံတွင် ၃၃ ပြည်နယ်ရှိသည့်အနက် ၂၂ ပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ကို တွေ့ရသည်ဟုဆိုသည်။ လာမည့် နိုဝင်ဘာလနှင့် ဧပြီလများသည် ထိုဒေသတွင် စွတ်စိုသော ရာသီကျရောက်တော့မည်ဖြစ်သည်။ ထိုရာသီကာလတွင် ကြက်ငှက် တုပ်ကွေးရောဂါဖြစ်ပွားမှု ပိုမိုမြင့်တက်လာနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးချက် ထုတ်ပြန်ထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗီယက်နမ်နိုင်ငံတွင် စက်မှုကုန်စည်ပြပွဲ ကျင်းပမည်

ဟနွိုင်း အောက်တိုဘာ ၇

အပြည်ပြည်ဆိုင်ရာ စက်မှုကုန်စည်ပြပွဲကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့တွင် ယခုလအတွင်း ကျင်းပသွားရန် စီစဉ်ထားရာ တရုတ်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ထိုင်းနိုင်ငံတို့မှ လုပ်ငန်းကုမ္ပဏီ ၄၀ ကျော်တို့ လာရောက်ပြသကြလိမ့်မည်ဟု မျှော်မှန်းထားကြောင်း သတင်းများက ဖော်ပြသည်။

နဝမအကြိမ် ၂၀၀၅ ခုနှစ် စက်မှုကုန်စည်ပြပွဲ ဗီယက်နမ်ကို အောက်တိုဘာလ ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံ ဟီလာမြို့တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို အောက်တိုဘာ ၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



နိုင်ငံတကာသတင်းများ

အိန္ဒိယ၌ ရထားလမ်းချော်၊ ၁၂ ဦး သေဆုံးပြီး ၁၀၀ ဒဏ်ရာရရှိ

မွမ်ဘိုင်း(အိန္ဒိယ) အောက်တိုဘာ ၇

အိန္ဒိယနိုင်ငံ အလယ်ပိုင်းတွင် အောက်တိုဘာ ၃ ရက်က မီးရထားလမ်းချော်မှု ဖြစ်ပွားခဲ့ရာ ခရီးသည် ၁၂ဦး ထက်မနည်း သေဆုံးပြီး၊ ထိခိုက်ဒဏ်ရာရသူ ၁၀၀ရှိကြောင်း ရဲအဖွဲ့က ပြောကြားသည်။

မွမ်ဘိုင်းမြို့မြောက်ဘက်မိုင် ၂၅၀ အကွာရှိ မဒရပ်စ်ပရာဒတ်ချ်ဒေသ ဒါတီမြို့အနီးတွင် ဘန်ဒီလ်ခန်း အိပ်ပရက်စ်ရထားမှ ရထားတွဲ ခြောက်တွဲ လမ်းချော်မှုဖြစ်သွားခဲ့သည်ဟု ရဲအရာရှိတစ်ဦးကပြောဆိုခဲ့သည်။

ကယ်တင်

ထိုရထား လမ်းချော်မှုဖြစ်ပွားရာသို့ စစ်တပ်တပ်ဖွဲ့ဝင်များ အပါအဝင် ကယ်ဆယ်ရေး အဖွဲ့များရောက်ရှိလာကြပြီး ရထားတွဲအတွင်းမှ ခရီးသည်များကို ကယ်တင်ခဲ့ကြသည်။ အခင်းဖြစ်ပွားရာနေရာသည် ဒါတီဘာ ဘုရားရုံအနီးတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ၎င်းက ဆိုသည်။

အဆိုပါ ဘုရားရုံသည် ရထားတွဲများ ပြင်ဆင်ခြင်းနှင့် သန့်ရှင်းခြင်းများ ဆောင်ရွက်ရာနေရာဖြစ်သည်။ ရထားသည် ထိုဘုရားရုံကို အရှိန်ဖြင့်ဝင်ရောက်လာပြီး ရထားကို ရပ်တန့်ရန် ကြိုးစားစဉ် ရထားသည် ဘရိတ်မမိဘဲ လမ်းချော်မှု ဖြစ်သွားခဲ့ခြင်းဖြစ်သည်ဟု ယူဆရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဥတ္တပရာဒေ့ရှ်ပြည်နယ်အနီး ဟိန္ဒူဘာသာရေးမြို့ဖြစ်သော ဗာရာဏသီမြို့မှ မဒရာပရာဒေ့ရှ်ဒေသ အိုဝါလိုင်းရန်းမြို့သို့ ပြေးဆွဲနေသော ရထားဖြစ်သည်။

၁၂၀၀၀ ပြေးဆွဲ

အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ရထားလမ်းများ ရှုပ်ထွေးမှုအများဆုံးသော နိုင်ငံဖြစ်သည်။ တစ်နေ့လျှင် ရထားအစင်းပေါင်း ၁၂၀၀၀ ပြေးဆွဲပြီး၊ ခရီးသည် ၁၃သန်းကျော်ကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ နှစ်စဉ် မတော်တဆဖြစ်ပွားမှု ၃၁၀ ခန့်ရှိသည်။

ဧပြီလအတွင်းကလည်း ခရီးသည်တင် ရထားတစ်စင်းသည် စာရေးကိရိယာများ တင်ဆောင်ထားသော ကုန်ရထားကို အရှိန်ဖြင့် ဝင်တိုက်မိခဲ့ရာ ၁၇ဦး သေဆုံးပြီး ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ရထားဖြင့်သွားလာရေးစနစ်တွင် ထိုသို့ မကြာခဏ ထိခိုက်ဆုံးရှုံးမှုများဖြစ်လာခြင်းသည် အခြေခံအဆောက်အအုံနှင့် လုံခြုံမှု တိုးတက်အောင်ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှု ငွေကြေးပမာဏနည်းပါးခဲ့ခြင်းကြောင့်ဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောကြားကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ကန်ကြည်းတပ် တပ်သားသစ် စုဆောင်းရေး ရည်မှန်းချက်မမီ

ဝါရှင်တန် အောက်တိုဘာ ၇

စက်တင်ဘာ ၃၀ ရက်တွင် ကုန်ဆုံးမည့် ၂၀၀၅ ခု ဘဏ္ဍာနှစ်အတွက် ကန်ကြည်းတပ်သည် တပ်သားသစ် ၇၃၀၀၀ ကျော်သာ စုဆောင်းနိုင်ခဲ့သည့်အတွက် တပ်သားသစ်စုဆောင်းရေး လျာထားချက်၏အောက် ၈ ရာနှုန်း လျော့နည်းခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက တနင်္လာနေ့တွင် ပြောကြားသည်။

ကန်ကြည်းတပ်ဝန်ကြီး ဖရန်းစစ်ဟာဗေးက တပ်သားစုဆောင်းမှုကိစ္စတွင် ရည်မှန်းချက်ပေါက်ရောက်မှုမရှိ ဖြစ်ခဲ့သည်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းကိစ္စများတွင် လူငယ်များအား လုပ်ငန်းနှင့်ပတ်သက်သည့် အခွင့်အရေးပေးမှု နည်းပါးခြင်း၊ စီးပွားရေးအာမခံချက် မရှိခြင်းနှင့် မိဘများက ကလေးများအား တပ်ဖွဲ့တွင် ဝင်ရောက်စေရန် တုံ့ဆိုင်းနေခြင်း စသည့်ကိစ္စများ ပါဝင်သည်။

ယင်းပြဿနာဖြေရှင်းရန်အတွက် အမေရိကန်ကြည်းတပ်က အစီအစဉ်အမျိုးမျိုး ချမှတ်ဖော်ဆောင်ခဲ့သည်။ ယင်းတို့အနက် ငွေကြေးအရ မက်လုံးပေး၍ တပ်သားသစ်များ အများအပြားစုဆောင်းရန် အစီအစဉ်ပါဝင်သည်။ ကြည်းတပ်က လက်ရှိတပ်သားဦးရေ ၉၀၀၀ မှ ၁၂၀၀၀ အထိ တိုးမြှင့် စုဆောင်းမည်ဖြစ်ပြီး တပ်တွင် လေးနှစ်တာဝန်ထမ်းဆောင်သူများအား အိုးအိမ်ဝယ်ယူရန် ငွေကြေးမက်လုံးပေးမည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဝေဖန်ရေးကို တုံ့ပြန်ဝေဖန်ခြင်း

ကျော်မြင့်နိုင်

၁၃–၉–၂၀၀၅ရက်နေ့မှာ ဘီဘီစီ၊ ဗွီအိုအေတို့က ကုလသမဂ္ဂ အနှစ်(၆၀)ပြည့် အစည်းအဝေးပြင်ပမှာ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများနဲ့အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံဆွေးနွေးရာမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်က မြန်မာနိုင်ငံခြားရေးဝန်ကြီးကို မြန်မာနိုင်ငံဟာ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးပြဿနာမှာ လမ်းလွဲလိုက်နေတယ်ဆိုပြီး ဝေဖန်သွားကြောင်း ထုတ်လွှင့်သွားခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ် ဒီလိုပြောဆိုဝေဖန်သွားတာဟာ အဆန်းတော့မဟုတ်ပါ။ ဘာကြောင့်လဲဆိုတော့ အမေရိကန်အစိုးရရှေ့ဆောင်တဲ့ အနောက်အုပ်စုဟာ မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေးမှာ အမှားနဲ့အမှန်ကို ပြောင်းပြန်လှန်ပြီး အမှားဘက်ကိုအမှန်လုပ်ကာ မြန်မာနိုင်ငံအစိုးရလုပ်သမျှ အမှား၊ ပြည်တွင်းပြည်ပ အစိုးရဆန့်ကျင်ရေးဝါဒီတွေက တပ်မတော်အစိုးရကို ဆန့်ကျင်တဲ့ လုပ်ဆောင်ချက်မှန်သမျှကို အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ဆောင်ချက် အမှန်အဖြစ် ခြွင်းချက်မရှိ ထောက်ခံအားပေးနေတာကြောင့် ဖြစ်ပါတယ်။

ဒီလိုရှုမြင်ခံယူချက်အရ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိပါးပျက်ပြားစေမယ့် ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး စည်းရုံးလှုံ့ဆော်မှုတွေ၊ ရှစ်လေးလုံး၊ ကိုးလေးလုံး ဆူပူအုံကြွမှုဖြစ်အောင် စည်းရုံးလှုံ့ဆော်မှုတွေ၊ အကြမ်းဖက်တဲ့ မင်းမဲ့ဝါဒလုပ်ဆောင်ချက်တွေ၊ တိုင်းပြည်နဲ့ပြည်သူတွေကို စီးပွားရေးကျဆင်းကျပ်တည်းစေပြီး လူထုဆူပူအုံကြွပေါက်ကွဲမှုတွေ ဖြစ်ပေါ်လာရန် စီးပွားရေးပိတ်ဆို့မှု၊ နိုင်ငံရေးအရ ပိတ်ဆို့ဖိအားပေးမှုတွေကို ဒီမိုကရေစီလုပ်ဆောင် လှုပ်ရှားမှုတွေအဖြစ် တစ်ဖက်သတ် ထောက်ခံအားပေးနေကြတယ်။

ဒီလို တည်ဆဲအစိုးရတစ်ရပ်ကို ဆန့်ကျင်တဲ့ ရေးသား၊ရိုက်နှိပ်၊ဟောပြော၊ စည်းဝေး၊ စည်းရုံးလှုပ်ရှားမှုတွေဟာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကိုထိပါးစေပြီး တည်ဆဲဥပဒေများနဲ့ငြိစွန်းလာမှုကြောင့် တပ်မတော်အစိုးရက ဖမ်းဆီးချုပ်နှောင်အရေးယူမှုတွေလုပ်လာတာကို ဒီမိုကရေစီရေးဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုတွေအဖြစ် ဝေဖန်စွပ်စွဲကြတယ်။

ဒီအခြေခံ ခံယူရှုမြင်ချက်အရ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေမရှိဘဲ အာဏာလွှဲပေးရေး၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးကို ဒီမိုကရေစီရေးနဲ့ လူအခွင့်အရေးအဖြစ် ကမ္ဘာနဲ့ချီပြီး ဝါဒဖြန့်ချိ လှုံ့ဆော်တောင်းဆိုနေကြတယ်။

မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီ အုပ်စိုးခြယ်လှယ်ခံဘဝနဲ့ နှစ်ပေါင်း ၁၂၃နှစ် သွေးစုပ်ခြယ်လှယ်ခံခဲ့ရမှု၊ ဒုတိယကမ္ဘာစစ်နဲ့ ဖက်ဆစ်ဒဏ်ကို သုံးနှစ်သုံးမိုးခံခဲ့ရမှုကြောင့် တိုင်းပြည်ပြာပုံဘဝနဲ့ ပြည်သူတွေမွဲပြာကျခဲ့ရမှုကို ခံစားခဲ့ရတယ်။ ဒါ့အပြင် ပြည်တွင်းရောင်စုံသောင်းကျန်းမှုဒဏ်ကို နှစ်ပေါင်း ၄၀ ကျော် ခံစားခဲ့ရမှုကြောင့် ခေတ်နောက်ကျ မြေယာစီးပွားရေး အခြေခံတိုင်းပြည်ဘဝသို့ ဆိုက်ရောက်ခဲ့ရပြီး ၁၉၆၂ခုနှစ်မှာ ဗဟိုချုပ်ကိုင်စီးပွားရေးနဲ့ တစ်ပါတီအုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်ခဲ့ရတယ်။

ဒီလိုရပ်ဘဝအခြေအနေကြောင့် တပ်မတော်အစိုးရဟာ ၁၉၈၈ခုနှစ်မှာ နိုင်ငံတော်တာဝန်ကို ရယူပြီးတာနဲ့တစ်ပြိုင်နက် ဈေးကွက်စီးပွားရေးနဲ့ ပါတီစုံစနစ်ကိုဖွင့်ပေးခဲ့ပြီး စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ စီးပွားရေးဦးတည်ချက်ဖြင့် မြေယာစိုက်ပျိုးရေးနဲ့မွေးမြူရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွေကို အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်ခဲ့တယ်။

တပ်မတော်အစိုးရရဲ့ ၁၇နှစ်အတွင်း မြေယာစိုက်ပျိုးရေးတိုးတက်စေရန် ကြိုးပမ်းစွမ်းဆောင်ပေးမှုတွေကြောင့်–

(၁) မိုးစပါးစိုက်ဧက ၂ ဒသမ ၈သန်း

နွေစပါးစိုက်ဧက ၁ ဒသမ ၉၄ သန်း တိုးတက်စိုက်ပျိုးနိုင်တဲ့အတွက် ၁၉၈၈ခုနှစ်မတိုင်မီက စပါးတင်း ၆၅၃ သန်းသာထွက်ရှိခဲ့ရာမှ ၂၀၀၅ခုနှစ်မှာ စပါးတင်းပေါင်း သန်း ၁၀၀၀ကျော်အထိ တိုးတက်ထွက်ရှိလာခဲ့တယ်။

(၂)

ပဲမျိုးစုံစိုက်ဧက	၆၅၅၆၃၂၀	ဧက
ဝါစိုက်ဧက	၃၅၃၈၅၄	ဧက
ကြံစိုက်ဧက	၂၂၇၆၄၄	ဧက
ဂုန်လျှော်စိုက်ဧက	၆၆၆၂၅	ဧက
အစေ့ထုတ်ပြောင်း	၃၆၃၁၅၉	ဧက
ပန်းဂွမ်း	၁၀၄၀၆	ဧက
ရော်ဘာ	၂၉၈၂၅၇	ဧက
ဆီအုန်း	၁၁၉၃၉၀	ဧက
လက်ဖက်	၄၉၅၇၅	ဧက
ငရုတ်ကောင်း	၅၈၆၇၇	ဧက
ကော်ဖီ	၆၈၈၂	ဧက

မြေပဲ၊ နှမ်း၊ နေကြာ၊ မုန်ညင်း၊ ပန်းနှမ်းစတဲ့ ဆီထွက်သီးနှံ ၁၉၀၅၇၉၅ ဧကအသီးသီး တိုးချဲ့စိုက်ပျိုးနိုင်လာတယ်။

(၃) ကျွဲကောင်ရေ ၄၀၈၀၀၀၊နွားကောင်ရေ ၁၈၂၈၀၀၀၊သိုး၊ဆိတ် ၇၂၆၀၀၀၊ နွားနောက် ၄၁၀၀၀ တိုးတက်မွေးမြူနိုင်လာတယ်။

(၄) ငါးမွေးကန် ၁၆၇၆၀၃ဧက၊ ပုစွန်မွေးမြူရေး ၂၀၇၆၀၆ဧက တိုးတက်မွေးမြူနိုင်လာတယ်။

(၅) သစ်တောစိုက်ခင်း ၁၂၂၂၃၄၃ ဧက၊ကျွန်းအထူးစိုက်ခင်း ၁၁၂၄၀၅ ဧက၊ စီးပွားရေးစိုက်ခင်း ၄၅၁၀၄၂ဧက၊ ကျေးရွာသုံးထင်းစိုက်ခင်း ၂၇၀၂၂၄ ဧက၊ စက်မှုကုန်ကြမ်း ၁၁၂၄၀၅ဧက၊ ရေဝေရေလဲစိုက်ခင်း ၂၄၈၆၇၂ဧက၊ သစ်ဆိမ့်ဧက ၁၉၂၅၀ တိုးတက်စိုက်ပျိုးနိုင်ခဲ့တယ်။

(၆) စက်မှုဇုန် ၁၈ ဇုန်၊ စက်မှုလုပ်ငန်းပေါင်း ၈၄၆၃၊ ပုဂ္ဂလိကစက်ရုံ ၁၅၈၃၀၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ၈၅၀၀၊ နိုင်ငံပိုင်စက်ရုံ ၁၉၂ရုံ ခွင့်ပြုထူထောင်နိုင်ခဲ့တယ်။

အနောက်အုပ်စု ကိုလိုနီနယ်ချဲ့လက်သစ်တွေဟာ သူတို့လက်ပါးစေတွေရဲ့ ဥပဒေပလုပ်ဆောင်ချက်မှန်သမျှကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေး လုပ်ဆောင်လှုပ်ရှားမှုအဖြစ် ၎င်းတို့အလိုကျခံယူထားတဲ့ ရှုထောင့်တစ်ခုတည်း ကသာရပ်တည်ပြီး တည်ဆဲအစိုးရတစ်ရပ်အပေါ် တစ်ဖက်စောင်းနင်း ဝေဖန်စွပ်စွဲ ချက်သာဖြစ်ကြောင်း တုံ့ပြန်ဝေဖန်လိုက်ပါတယ်။

(၇) ကမ်းလွန်ရေနံမြေသုံးခု ရေနံစိမ်းထုတ်လုပ်မှု ၂၂၉၈၄၇ စည်၊ သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၃၂၉၀၄၈ ဒသမ ၃၃၊ ရေနံစိမ်းချက်လုပ်မှု ဂါလန် သန်း ၇၄၃၃၅ ပိုမိုထုတ်လုပ်နိုင်ခဲ့တယ်။

(၈) ပညာရေးမှာ မူလတန်းလွန် ၄၇၃၆ကျောင်း၊ အလယ်တန်း ၈၉၂ ကျောင်း၊ အထက်တန်းကျောင်း ၁၂၂၀၊ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ် ၃၇၊ ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ၂၇၊ ဒီဂရီကောလိပ် ၃၊ ကောလိပ် ၉ ဖွင့်လှစ်နိုင်ခဲ့တယ်။

(၉) နည်းပညာတက္ကသိုလ် ၂၊ နည်းပညာကောလိပ် ၂၅၊ ကွန်ပျူတာတက္ကသိုလ် ၂၊ ကွန်ပျူတာကောလိပ် ၂၄၊ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ် ၁၊ စက်မှုလက်မှုသိပ္ပံ ၁၀၊ စက်မှုလက်မှုအထက်တန်းကျောင်း ၃ တို့ကို တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးနိုင်ခဲ့တယ်။

(၁၀) ကျန်းမာရေးကဏ္ဍမှာ ဆေးရုံပေါင်း ၁၈၈ရုံ တိုးချဲ့ပေးနိုင်ခဲ့ပြီး အထူးကု ဆေးရုံကြီး၊ သင်ကြားရေးဆေးရုံ ၂ရုံ၊ခုတင်(၃၀၀)ဆေးရုံ ၄၊ ခုတင် (၂၀၀) ဆေးရုံ ၁၄၊ ခုတင် (၁၀၀)ဆေးရုံ ၅၊ ခုတင်(၅၀)ဆေးရုံ ၂၁၊ ခုတင် (၂၅) ဆေးရုံ ၆၀၊ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံ ၁၅၀၊ ကျေးလက်ကျန်းမာရေးလုပ်ငန်းဌာန ၁၃၅၊ တိုင်းရင်းဆေးရုံ ၁၂၊ တိုင်းရင်းဆေးခန်း ၁၄၈ခု တိုးချဲ့ဖွင့်လှစ်ထူထောင်ပေးနိုင်ခဲ့ပါတယ်။

(၁၁) ကျောက်ကြီးရောဂါ၊ အနာကြီးရောဂါ၊ ပိုလီယိုအကြောသေရောဂါ သုံးမျိုး ပပျောက်ကင်းစင်အောင် လုပ်ဆောင်နိုင်ခဲ့ပြီ။

(၁၂) လူအသေအပျောက်နှုန်း ကျေးလက်မှာ ၁၀၀၀လျှင် ၉ဒသမ၉ ယောက်နှုန်းမှ ၇ဒသမ၁ယောက်နှုန်းသို့၊ မြို့ပြမှာလူ ၁၀၀၀လျှင် ၈ဒသမ၉ယောက်နှုန်းမှ ၆ဒသမ၂ယောက်နှုန်းသို့ ကျဆင်းစေခဲ့တယ်။

(၁၃) လူ့သက်တမ်း မျှော်မှန်းမြင့်တင်မှုမှာ ကျေးလက်တွင် အမျိုးသားသက်တမ်း ၅၆ဒသမ၂နှစ်မှ ၆၀ဒသမ၈၂နှစ်သို့၊ အမျိုးသမီး ၆၀ဒသမ၄နှစ်မှ ၆၂ဒသမ ၃၂နှစ်သို့ မြှင့်တင်စေခဲ့ပြီး မြို့ပြတွင် အမျိုးသားသက်တမ်း ၅၉ဒသမ၀ နှစ်မှ ၆၁ဒသမ၅နှစ်၊ အမျိုးသမီး ၆၃ဒသမ၂နှစ်မှ ၆၅ဒသမ၆နှစ်သို့ မြင့်တက်လာစေခဲ့တယ်။

(၁၄) ဆေးနှင့်ကျန်းမာရေးဆိုင်ရာ တက္ကသိုလ် ၁၀ခုနှင့် သူနာပြုသင်တန်းကျောင်း ၁၇ကျောင်း တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့တယ်။

အထက်ပါစီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးတွေ တိုးတက်မြင့်မားလာအောင် စွမ်းဆောင်ဖန်တီးပေးမှုတွေဟာ ပြည်သူပြည်သား ၅၄သန်းရဲ့ ရုပ်ဘဝမှာ အမှန်တကယ်လိုအပ်နေတဲ့စား၊ ဝတ်၊ နေရေး လူ့အခွင့်အရေးများကို တပ်မတော်အစိုးရက ဖြည့်ဆည်းပေးမှုတွေဖြစ်ပါတယ်။

နိုင်ငံရေးမှာ နိုင်ငံရေးဒီမိုကရေစီ ဖြစ်ပေါ်ရေးအတွက် ၁၉၈၈ခုနှစ်မှာ နိုင်ငံရေးပါတီတွေ ဖွဲ့စည်းထူထောင်ခွင့်ပေးခဲ့ပြီး ၁၉၉၀ပြည့်နှစ်မှာ ရွေးကောက်ပွဲကျင်းပပေးခဲ့ကာ ရွေးကောက်ပွဲရလဒ် အကောင်အထည်ဖော်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန် အသိပေးခဲ့တာကို ငြင်းဆန် ဆန့်ကျင်ခဲ့ကြလို့ ၁၉၉၃ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံ ကျင်းပပေးခဲ့တယ်။ ဒါပေမယ့် အမျိုးသားညီလာခံကို တွေ့ဆုံဆွေးနွေးရေးနဲ့ ဆန့်ကျင်ခဲ့ကြတဲ့အတွက် ၁၇နှစ်ကာလကြာညောင်းခဲ့ပြီး ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲပျက်ပြယ်သွားမှုကြောင့် ၂၀၀၃ခုနှစ် ဩဂုတ်လ ၃၀ရက်နေ့မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ် (၇)ရပ် (ဒီမိုကရေစီဖော်ဆောင်ရေးလမ်းပြမြေပုံ)ကို ထုတ်ပြန်ကြေညာပြီး ၂၀၀၄ခုနှစ် မေလ ၁၇ရက်မှာ တစ်ကြိမ်၊ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်မှာ တစ်ကြိမ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကို ဆက်လက်ကျင်းပခြင်းဖြင့် ဒီမိုကရေစီဖော်ဆောင်ရေးလမ်းပြမြေပုံကို အကောင်အထည်ဖော်နေတဲ့ကာလဖြစ်ပါတယ်။

ဒါဟာ တပ်မတော်အစိုးရရဲ့ နိုင်ငံရေးဒီမိုကရေစီဖော်ဆောင်ရေး ကြိုးပမ်းမှုဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင် ၁၇ဖွဲ့နှင့် အတိုက်အခိုက်ရပ်စဲပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့တယ်။ ဒီလို တပ်မတော်အစိုးရရဲ့ စီးပွားရေး၊ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှုတွေဟာ ၅၄သန်းသော ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေရေး၊ အသက်ရှည်ရေး၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကာယကံမြောက်ကြိုးပမ်းဖော်ဆောင်ပေးနေမှုတွေ ဖြစ်ပါတယ်။

ဒီလို ဒီတပ်မတော်အစိုးရရဲ့ လုပ်ဆောင်ချက်တွေကို ဒီမိုကရေစီနဲ့လူ့အခွင့်အရေးလမ်းလွဲလိုက်နေတဲ့ လုပ်ဆောင်ချက်တွေအဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ဝေဖန်မှုဟာ ဓမ္မဓိဋ္ဌာန်မကျကြောင်း တွေ့ရှိနိုင်ပါတယ်။ အနောက်အုပ်စု ကိုလိုနီနယ်ချဲ့လက်သစ်တွေရဲ့ မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်ရေး၊ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးဆိုတာဟာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ဆိုပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေမရှိဘဲ N.L.Dကို အာဏာလွှဲပေးရေး၊ နိုင်ငံရေးမှာ စစ်တပ်မပါရေးနဲ့ စစ်တပ်ကို စစ်တန်းလျားချက်ချင်းပြန်စေရေး၊ တပ်မတော်အစိုးရကို စစ်အာဏာရှင် အစိုးရအဖြစ် သတ်မှတ်ကင်ပွန်းတပ်ပေးပြီး တပ်မတော်အစိုးရ ပြုတ်ကျရေးကို ရှေးရှုတဲ့ တစ်ဖက်သတ် နိုင့်ထက်စီးနင်းလုပ်ရပ်တွေသာဖြစ်တယ်။ **အနောက်အုပ်စု ကိုလိုနီနယ်ချဲ့လက်သစ်တွေဟာ သူတို့လက်ပါးစေတွေရဲ့ ဥပဒေပ လုပ်ဆောင်ချက်မှန်သမျှကို လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးလုပ်ဆောင်လှုပ်ရှားမှုအဖြစ် ၎င်းတို့အလိုကျ ခံယူထားတဲ့ ရှုထောင့်တစ်ခုတည်းကသာ ရပ်တည်ပြီး တည်ဆဲအစိုးရတစ်ရပ်အပေါ် တစ်ဖက်စောင်းနင်း ဝေဖန်စွပ်စွဲချက်သာဖြစ်ကြောင်း တုံ့ပြန်ဝေဖန်လိုက်ပါတယ်။ ။**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉–၁၀–၂၀၀၅ (တနင်္ဂနွေနေ့)

၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၇ ရက်၊ (အဖိတ်နေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈း၁၀ ၇။ ရှမ်းပြည်နယ်တောင်ပိုင်းလင်းခေးတံတား
- ၈း၂၀ ၈။ အတီးပြိုင်ပွဲ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Say it in English
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဋ္ဌာနှင့် မိစ္ဆာခွင်းဓား" (အပိုင်း–၄၅)**
- ၁၂း၂၀ ၅။ ရပ်ရွာပညာပဒေသာ ဖွင့်ပါမနေ့ ကျေးလက်ဖွံ့ဖြိုးရေး (အပိုင်း–၂)
- ၁၂း၃၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "အကြင်နာတိမ်တိုက်" (သားညီ၊ အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ–မောင်ဖေဒါ)**
- ၂း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၂း၂၀ ၈။ စလင်းရေလှောင်တမံ
- ၂း၂၅ ၉။ အတီးပြိုင်ပွဲ
- ၂း၃၅ ၁၀။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (ဂေါက်သီး)
- ၂း၄၅ ၁၁။ International News.
- ၃း၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၂၀ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန၊ ရန်ကုန်တိုင်း အခြေခံပညာကျောင်းများ ဝတ်ရွတ်ပြိုင်ပွဲပထမဆုရ (လသာရတနာဝတ်အသင်း၊ အထက–၂၊ လသာ)
- ၄း၄၅ ၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)**
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
- ၅း၁၅ ၆။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန်(ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်အဆင့်) (အမျိုးသမီး)
- ၅း၂၅ ၇။ ထာဝစဉ်နှလုမြန်မာ့ဂီတ (အတီးပညာဘာသာရပ်ဆွေးနွေးခန်း)(အပိုင်း–၆)
- ၅း၄၀ ၈။ စိုက်ပျိုးရေးအားပြည့်ထွန်းကား
- ၅း၅၀ ၉။ ဆိုကြမယ်၊ပျော်ကြမယ်
- ၆း၃၀ ၁၀။ ညနေခင်းသတင်း
- ၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိမ်းလဲ့မေတ္တာကန်သာယာ" (အပိုင်း–၁၄)**
- ၇း၃၅ ၁၃။ တေးဂီတအစီအစဉ်
- ၇း၄၅ ၁၄။ ဆင်နွဲ့တူပျော် မကွေးမြသလွန် ဘုရားပွဲတော်
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ထာဝရချစ်သူ" (အပိုင်း–၁၅)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ၌ သောက်သုံးရေသန့် ရေပိုက်လိုင်းဖွင့်လှစ် ဖြိုးမေတ္တာ ကျန်းမာရေးစောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရေး အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ရန်ကုန်တိုင်းတာဝန်ခံ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ ဒုတိယဝန်ကြီး ဒေါက်တာမြဦးတို့သည် နံနက်စနာရီခွဲတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာသို့ ရောက်ရှိကြပြီး တူးချောင်းကျေးရွာရှိ ရွှာမ ပဋ္ဌိပတ္တိ မဟာစည်ရိပ်သာ တပ်ဦးကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိနယာစာရအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေပိုက်လိုင်းဖွင့်လှစ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်များနှင့် ဒုတိယဝန်ကြီးတို့သည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျိုးဖြူ ပင်မရေပိုက်မှ ရေကိုအချင်း နှစ်လက်မရှိ ရေပိုက်ဖြင့် သွယ်ယူ၍ တူးချောင်းကျေးရွာရှိ ရေဂါလန် တစ်သောင်းဆံ့ အုတ်ရေကန်သို့ ဆက်သွယ်ထားရှိသည့် ဂျိုးဖြူ သောက်သုံးရေသန့် ရေပိုက်လိုင်း ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် မင်္ဂလာအချိန်ကျရောက်သည်နှင့် ဂျိုးဖြူသောက်သုံးရေသန့် ရေပိုက်လိုင်းသစ်ကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်၊ ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းမြင့်နှင့် ကျေးရွာ ရပ်မိရပ်ဖ ဦးဟန်တင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် ဆက်သွယ်ရယူထားသည့် ရေဂါလန် တစ်သောင်းဆံ့ အုတ်ရေကန်နှင့် ရေရရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများ တူးချောင်းကျေးရွာတွင် ရေဂါလန် တစ်သောင်းဆံ့ အုတ်ရေကန်၌ ကျေးရွာပြည်သူများ ရေခပ်သယ်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (၁၉)

ထို့နောက် ဗဟိုအလုပ်အမှုဆောင်များနှင့် ဒုတိယဝန်ကြီးတို့သည် တူးချောင်းကျေးရွာအတွင်းရှိသောက်သုံးရေကန် သန့်ရှင်းစေရန်အတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များနှင့် ဒုတိယဝန်ကြီးတို့သည် တူးချောင်းကျေးရွာ ရွှာမပဋ္ဌိပတ္တိ မဟာစည်ရိပ်သာ တပ်ဦးကျောင်းအတွင်းရှိ ခိုင်ဓမ္မဗိမာန်၌ ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း "ဖြိုးမေတ္တာ" ကျန်းမာရေးစောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရေး အခမ်းအနားသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကားပြောကြားပြီး ကျေးလက်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးမည့် "ဖြိုးမေတ္တာ" ကျန်းမာရေး စောင့်ရှောက်မှုအသင်း ဖွဲ့စည်းနိုင်ရန် အလှူငွေကျပ် ၁၁ သိန်းကို ပေးအပ်ရာ ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းမြင့်က လက်ခံသည်။

ဆက်လက်၍ တူးချောင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူး ဦးစိုးမြင့်က ကျေးရွာသူ၊ ကျေးရွာသားများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာ ၁၂၀၀ ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လက်ခံပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာနှင့် ဆက်စပ်နေသော ကျေးရွာများမှ ကျေးလက်နေပြည်သူများ ဆေးကုသမှုခံယူနိုင်ရန်အတွက် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများက ကူညီပံ့ပိုးပေးကြစဉ်။ (၁၉)

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များ

သည် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာလှဖေ၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့ ဦးဆောင်၍ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေး အားပေးကြသည်။

အဆိုပါ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် သမားတော်ကြီး ဒေါက်တာချစ်ထွန်းနှင့် အဖွဲ့ဝင်များ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာငွေးနိုင်နှင့် အဖွဲ့ဝင်များ၊ ကလေးအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်ဝင်းသန်းနှင့် အဖွဲ့ဝင်များ၊ မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာခက်ခက်မျိုးနှင့် အဖွဲ့ဝင်များ၊ နား၊ နှာခေါင်း အထူးက ဆရာဝန်ကြီး ဒေါက်တာသန်းသန်းငွေနှင့် အဖွဲ့ဝင်များ၊ အရိုး၊ အကြောအထူးကု ဆရာဝန်ကြီး ဒေါက်တာဇော်ဝေစိုးနှင့် အဖွဲ့ဝင်များ၊ သွားဘက်ဆိုင်ရာ အထူးကု ဆရာဝန်ကြီး ဒေါက်တာခင်ခင်လွင်နှင့် အဖွဲ့ဝင်များ၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်မြောက်ပိုင်းခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်ညိုညိုနှင့် အဖွဲ့ဝင်များက ထန်းတပင်မြို့ပေါ်ရှိ ရပ်ကွက်များ၊ ကသစ်၊ တိုက်ရွာ၊ အစုကြီး၊ ထိန်ကုန်း၊ တလိ၊ ကျောက်ကြီး၊ ရှမ်းစု၊ ကျိုက္ခနာ၊ မလိနှင့် သီတာအေးစသည့် ကျေးရွာများမှ ကျေးရွာသူ၊ ကျေးရွာသား ၇၇၉ ဦးတို့အား သက်ဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများအလိုက် ကြပ်မတ်ကုသ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ကုသဆောင်ရွက်ပေးရာတွင် သမားတော်အဖွဲ့က ၁၈၇ ဦး၊ ခွဲစိတ်အထူးကုအဖွဲ့က ၂၃ ဦး၊ သားဖွားနှင့် မီးယပ်အထူးကုအဖွဲ့က ၄၇ ဦး၊ ကလေးအထူးကုအဖွဲ့က ၆၅ ဦး၊ မျက်စိအထူးကု အဖွဲ့က ၂၁၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုအဖွဲ့က ၃၃ ဦး၊ အရိုး၊ အကြောအထူးကုအဖွဲ့က ၅၇ ဦး၊ သွားဘက်ဆိုင်ရာ အထူးကု အဖွဲ့က ၂၄ ဦး၊ တိုင်းရင်းဆေးအထူးကု အဖွဲ့က ၁၂၆ ဦးတို့အား ကြပ်မတ်စစ်ဆေး ကုသပေးကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးရန် လိုအပ်သည့် လူနာပေါင်း ၁၃၀တို့၏ ဆေးဝါးကုသမှုနှင့် ကုန်ကျစရိတ်များကို ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျခံစောင့်ရှောက်ပေးမည်ဖြစ်ပြီး ယင်းလူနာများ၏ ဆေးရုံတက်ရောက်ကုသချိန်တစ်လျှောက်လုံးနှင့် ကျန်းမာရေးကောင်းမွန်ပြီး မိမိနေရပ်သို့ ပြန်လည်ရောက်ရှိသည်အထိ အနီးကပ် ပြုစုစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

စာမျက်နှာ ၈ကော်လံ ၁ သို့ ●

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ (ရန်ကုန်တိုင်းတာဝန်ခံ) မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာ၌ ကလေးများ အာဟာရတိုက်ကျွေးရေး စီမံချက်ဖြင့် သံဓာတ်အားတိုးဆေးနှင့် ဗီတာမင်အေ တိုက်ကျွေးနေမှုတွင် ကိုယ်တိုင်ပါဝင် တိုက်ကျွေးစဉ်။ (၁၉)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာနှင့် ဆက်စပ်ကျေးရွာတို့မှ ပြည်သူများအား အထူးကုဆရာဝန်ကြီးများ၊ သမားတော်ကြီးများပါဝင်သည့်အဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကလေးအထူးကု ဆရာဝန်ကြီးက ကလေးငယ်တစ်ဦးအား စမ်းသပ်စစ်ဆေးစဉ်။ (၁၉)

ကျေးရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရေး၊ ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေး ရေကောင်းရေသန့်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားဖွံ့ဖြိုးရေး အရှိန်မြှင့်ဆောင်ရွက်ပေးမည်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပနန်ကျေးရွာ၊ ပန်းခွာကျေးရွာ၊ ကတဲကျေးရွာနှင့် သူငယ်တော်ကျေးရွာများမှ ပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။ (စက်မှု-၁)

✻ မြို့ပြနှင့်ကျေးလက်မှ

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့်တိုင်းများအတွင်း၌ ဆည်များ၊ မြစ်ရေတင်စီမံကိန်းများကို တည်ဆောက်အကောင်အထည်ဖော်ခဲ့၍ ဒေသတွင်း စိမ်းလန်းစိုပြည်မှုအပြင် စိုက်ပျိုးရေးပါ ဖွံ့ဖြိုးတိုးတက်လာခဲ့သည်။ အလားတူ နိုင်ငံတော်က စက်ရုံများ တည်ဆောက်၍ ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့သဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင်များရရှိကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

● စာမျက်နှာ ၇ မှ

ထို့နောက် ကျေးလက်ဒေသပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ခိုင်ခမ့်ဗိမာန်၌ ကျေးရွာပြည်သူများအား အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်က ပညာရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာသန်းဝင်းက ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းက အသင်းက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်တစ်ဦးက အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဦးက အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း အသိပညာပေး ဟောပြောကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်များနှင့် ဒုတိယဝန်ကြီးတို့သည် ကျေးလက်ဒေသပြည်သူတို့၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လိုက်လံကြည့်ရှု အားပေးကြပြီး ကလေးသူငယ်များအား သံဓာတ်အားတိုးဆေးများနှင့် ဗီတာမင်အေ ဆေးများကို တိုက်ကျွေးကြသည်။

ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာသည် ဧရိယာအကျယ်အဝန်း တစ်မိုင်ပတ်လည်ရှိပြီး အိမ်ခြေလေးရာကျော်ရှိကာ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်သည်။

(သတင်းစဉ်)

အကျိုးရလဒ်ကောင်း

ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ စသည့် ကဏ္ဍအသီးသီးနှင့် ဆက်နွှယ်ပတ်သက်သော သွင်းအားစုများဖြစ်သည့် တက္ကသိုလ်များနှင့် ဆေးရုံကြီးများဖွင့်လှစ်ပေး၍ အဆင့်မြှင့်တင်ခြင်းများကို ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် နိုင်ငံတော်က လမ်းတံတားများ ဖောက်လုပ် တည်ဆောက်ပေးခဲ့သဖြင့် ယခင်ကထက် သွားလာရေး အဆင်ပြေခြင်း၊ သယ်ယူပို့ဆောင်ရေး လုံခြုံချောမွေ့ခြင်း၊ သွက်လက်မြန်ဆန်ခြင်း စသည့် အကျိုးရလဒ်ကောင်းများကို ပြည်သူများ ရယူခံစားနေကြရပြီဖြစ်သည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်မှု အကျိုးရလဒ်ကောင်းများကို ယခုအခါ မြို့ပြနှင့် ကျေးလက်ပါမကျန် ပြည်သူများ ရရှိခံစားနေရပြီဖြစ်သည်။ ထို့ပြင် မြို့ပြနှင့် ကျေးလက်ဒေသများ၏ ကွာဟမှုအခြေအနေများမှာ ကျဉ်းမြောင်းလာပြီး ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေကောင်းရေသန့်ရရှိရေးနှင့် စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ဟန်ချက်ညီစွာ ဘက်စုံ၊ ကဏ္ဍစုံမှ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။

ယင်းသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်နေသော ကျေးရွာများအနက် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာသည်လည်း တစ်ခုအပါအဝင်ဖြစ်သဖြင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၇ရက် မွန်းလွဲ ၁နာရီတွင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာသို့ ရောက်ရှိလာကြပြီး ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပနန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး အခြေခံပညာ မူလတန်းကျောင်း၏ ကျောင်းဆောင်သစ်ကို ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးညီမောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်သိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဗဟိုအတွင်းရေးမှူးဝန်ကြီး ဦးအောင်သောင်းတို့သည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ဆေးပေးခန်းဖွင့်

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။ ရှေးဦးစွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးညီမောင်တို့က ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

တံတားသစ်ဖွင့်

ဆက်လက်၍ တိုင်းမှူး၊ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်တော်များသည် ကျောက်ဆည်မြို့နယ် ပနန်-ပန်းခွာ ကျေးရွာကိုယ့်အားကိုယ်ကိုး ပန်းလောင်မြစ်ကူး တံတားသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။ ရှေးဦးစွာ တံတားဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးမြတ်ငွေးတို့က ကိုယ့်အားကိုယ်ကိုး ပန်းလောင်မြစ်ကူးတံတားသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် ပန်းလောင်မြစ်ကူးတံတားကို လှည့်လည်ကြည့်ရှုကြသည်။

ပနန်ကျေးရွာသည် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်၌ ကျောက်ဆည်-မြစ်သားဖြတ်လမ်းမှ အတွင်းသို့ လေးမိုင်အကွာတွင် တည်ရှိသည်။ ကျေးရွာ၏အကျယ်အဝန်းမှာ ၁၇ဧက၊ အိမ်ခြေပေါင်း ၂၈၂အိမ်၊ အိမ်ထောင်စု ၃၂၈စု၊ လူဦးရေ စုစုပေါင်း ၁၇၀၀ ကျော်ရှိသည်။ ကျေးရွာ၌ ရုပ်မြင်သံကြားစက် ၁၀လုံးရှိပြီး ဗီဒီယိုရုံ နှစ်ရုံရှိသည်။ စိုက်ပျိုးမြေမှာ ၈၈၆ ဧကရှိသည်။

ထို့အပြင် ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးလင်းရေး စက်ရုံတစ်ရုံရှိပြီး မြင်းကောင်ရေ(22-HP) နှင့် (10-KVA) ထုတ်လုပ်နိုင်သော စက်တစ်လုံးရှိသည်။ အိမ်မီးချောင်း ၁၅၆ ချောင်း၊ လမ်းမီးချောင်း ၃၅ ချောင်း၊ ကျောင်းမီးချောင်း ၁၅ ချောင်း၊ ဘုရားမီးချောင်း ၂၀ စုစုပေါင်း မီးချောင်း ၂၂၆ ချောင်းကို လျှပ်စစ်မီးပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ကျေးရွာများအတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည် ဖော်ဆောင်လျက်ရှိသော ကျေးလက်အိမ်ရာများကိုလည်း တွေ့မြင်ကြရသည်။

လေ့လာသူအဖြစ်တက်ရောက်

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ပနန်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ပနန်ကျေးရွာ၊ ပန်းခွာကျေးရွာ၊ ကတဲကျေးရွာနှင့် သူငယ်တော်ကျေးရွာတို့မှ ပြည်သူ ၁၄၀၀ ကျော် တွေ့ဆုံပွဲသို့ မန္တလေးမြို့ရှိ တရုတ်ပြည်သူ့... စစ်ဝန်ချုပ်ရုံး... Ms. Li Xiao... အဖြစ် တက်...

ရှေးဦးစွာ...
ထွန်းက...
ကိုယ်စား...
လမ်းပန်းဆ...
၍ ပြောကြာ...
တို့ကျေးရွာရှိ...
မွန်ခြင်းမရှိသ...
ရေး၊ စီးပွားရေ...
ကြန့်ကြာခဲ့ရ...
တော်အစိုးရ...
ဆောင်ရွက်မှ...
တစ်ဆင့် ဂ...
အထိ ရောက်...
ဆောင်း သွ...
မွေ့နေပြီဖြစ်...

ပြည်... အမှတ်(၁)... ကျေးလက်... ကျန်းမာ... စဉ်။

“ကျေးရွာ...
ဟူသော ဆေ...
ကျေးရွာနှင့်မြ...
ရွက်ရာတွင်...
သွားလာနိုင်...
ဆက်သွယ်သွ...
ရင်းမှာ ဇီဝ...
ကြောင့် က...
ကျေးရွာ၊ သူ...
လည်း မီ...
ကြောင့်ဖြစ်...
ဒေသများမှာ...
ရရှိနေသဖြင့်...
လူမှုရေးမှအစ...
ဖြစ်ကြောင်း...
ထို့နောက်...
မောင်က ဇီဝ...

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ သက်ကြီးရွယ်အိုများအား မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ပထမအတွင်းဝန် Ms. Li Xiaoyanတို့က ဂါရဝပြုလက်ဆောင်များ ပေးအပ်လှူဒါန်းကြစဉ်။ (စက်မှု-၁)

မန္တလေးမြို့ အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ပထမအတွင်းဝန် Ms.Li Xiaoyan က ငွေကျပ်ငါးသောင်းကို ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်သိန်းအား ပေးအပ်လှူဒါန်းစဉ်။ (စက်မှု-၁)

❒ ''ကျေးရွာချင်းဆက် မြို့ကိုတက်'' ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိ... နှင့်မြို့ပြ ဆက်သွယ်ဆောင်ရွက်ရာတွင် နေ့ညမရွေး ဆက်သွယ်သွ...

❒ ဇီဝဓာတ်ငွေ့လျှပ်စစ်စက်ကြောင့် ကတဲကျေးရွာ၊ ပန်းခွာကျေးရွာ၊ သ... ကျေးရွာများ၌ မီးထိန်ထိန်လင်း၊

❒ အထူးကုဆရာဝန်ကြီးများအဖွဲ့က ကျေးလက်ဒေသအထိ လာရော... ပေးသည့်အတွက် ကျေးလက်နေ ပြည်သူများက ဝမ်းသာမဆုံး...

❒ ကျေးလက်နေ ပြည်သူများ၏ ပညာဗဟုသုတကြွယ်ဝရန် ကျေးလက်... တိုက်များကို ဖွင့်လှစ်ပေးခဲ့သည့်အပြင် ကျောက်ဆည် တစ်ခရိုင်... ခရိုင်လုံးကျွတ် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့...

ရှိရေး

းမည်

ချောင်း၊ လမ်းမီးချောင်း ၃၅ ချောင်း၊ ကျောင်းမီးချောင်း ၁၅ ချောင်း၊ ဘုရားမီးချောင်း ၂၀ စုစုပေါင်း မီးချောင်း ၂၂၆ ချောင်းကို လျှပ်စစ်မီးပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် ကျေးရွာများအတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာနက အကောင်အထည် ဖော်ဆောင်လျက်ရှိသော ကျေးလက်အိမ်ရာများကိုလည်း တွေ့မြင်ကြရသည်။

လေ့လာသူအဖြစ်တက်ရောက်

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ပနန်ကျေးရွာ ဘုန်းတော်ကြီး ကျောင်းဝင်းအတွင်းရှိ မြက်ခင်းပြင်၌ ပနန်ကျေးရွာ၊ ပန်းခွာ ကျေးရွာ၊ ကတဲကျေးရွာနှင့် သူငယ်တော်ကျေးရွာတို့မှ ပြည်သူ ၁၄၀၀ ကျော် တွေ့ဆုံပွဲသို့ မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ပထမအတွင်းဝန် Ms. Li Xiaoyan လည်း လေ့လာသူအဖြစ် တက်ရောက်သည်။

ရှေးဦးစွာ ပနန်ကျေးရွာမှ ဦးသက်ထွန်းက ကျေးလက်ပြည်သူများကိုယ်စား ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စပ်လျဉ်း၍ ပြောကြားရာတွင် ယခင်က မိမိတို့ကျေးရွာရှိ လမ်းများသည် ကောင်းမွန်ခြင်းမရှိသဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာခဲ့ရပါကြောင်း၊ ယခု နိုင်ငံတော်အစိုးရနှင့်ပြည်သူ ပေါင်းစည်း၍ ဆောင်ရွက်မှုကြောင့် မြေသားလမ်းမှ တစ်ဆင့် ဂျင်းကျောက်လမ်းအဆင့်အထိ ရောက်ရှိနေပြီဖြစ်သဖြင့် နွေမိုးဆောင်း သွားလာရေး လွယ်ကူချောမွေ့နေပြီဖြစ်ကြောင်း။

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာအတွက် ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ထားသည့် ရေစက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဦးအောင်သောင်းက ပနန်ကျေးရွာ ကျေးလက်ကျန်းမာရေးအတွက် မြွေဆိပ်ဖြေဆေးများကို မန္တလေးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်မောင်ထွန်းအား ပေးအပ်လှူဒါန်းစဉ်။ (စက်မှု-၁)

...စုပေါင်း ၁၇၀၀ ...ျေးရွာ၌ ရုပ်မြင် ...းရှိပြီး ဗီဒီယိုရုံ ...ျိုးမြေမှာ ၈၈၆

...ငွေ့ဖြင့် လျှပ်စစ် ...က်ရုံတစ်ရုံရှိပြီး ...HP) နှင့် (10- ...နိုင်သော စက် ...မီးချောင်း ၁၅၆

...က်ကြီးရွယ်အို ...းကြပ်ရေးအဖွဲ့ ...မန္တလေးမြို့ရှိ ...မအတွင်းဝန် ...ပ်လှူဒါန်းကြ (စက်မှု-၁)

သို့ဖြစ်၍ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အလေးပေး ဆောင်ရွက်ပေးနေသည်ကို သိမြင်ရပါကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရလက်ထက် ၁၇နှစ်အတွင်းတွင် ဆည်ပေါင်း ၁၇၈ခုအထိ ဖွင့်လှစ်နိုင်ခဲ့သည်ကို လေ့လာသိရှိရပါကြောင်း။

ယခုအခါ ဆည်ရေအကျိုးကြောင့် ကွက်လပ်မကျန် စိုက်ပျိုးထားသော စပါးစိုက်ခင်းပြင်များကိုလည်း စိမ်းစိမ်းစိုစိုမြင်နေကြရပြီဖြစ်ကြောင်း၊ ထို့ပြင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စက်ရုံများကို တည်ဆောက်ပေးနေသကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းအတွက် အဓိကလိုအပ်ချက်ဖြစ်သော ဓာတ်မြေသြဇာ စက်ရုံများကိုလည်း တည်ဆောက်ပေးပြီး တောင်သူများ၏ လက်ဝယ်သို့အရောက် ဆောင်ရွက်ပေးနေကြောင်း။

ဗဟုသုတတိုးပွား

ထို့အပြင် ကျေးလက်နေ ပြည်သူများ၏ ပညာဗဟုသုတ ကြွယ်ဝရန် ကျေးလက် စာကြည့်တိုက်များကို ဖွင့်လှစ်ပေးခဲ့သည့်အပြင် ကျောက်ဆည် တစ်ခရိုင်လုံးတွင် ခရိုင်လုံးကျွတ် ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့သည်မှာ မိမိတို့ အလိုအပ်ဆုံးဖြစ်သော ပညာဗဟုသုတတို့ကို တိုးပွားလာစေကြောင်း။

မိမိတို့ ကျောက်ဆည်ဒေသ၌ အစိုးရနည်းပညာကောလိပ်၊ ကျောက်ဆည် တက္ကသိုလ်နှင့် ကွန်ပျူတာကောလိပ်တို့ကို ဖွင့်လှစ်ပေးထား၍ နိုင်ငံတော်၏ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုကို အပြည့်အဝ ပေးနေပြီဖြစ်ကြောင်း၊ ကျေးလက်ဒေသမှ ကျောင်းသားလူငယ်များသည် ယခုအခါ အဆင့်မြင့်တက္ကသိုလ်ပညာကို မိမိတို့ဒေသ၌ပင် မပင်မပန်း ဆက်လက်သင်ကြားနိုင်ပြီ ဖြစ်ကြောင်းဖြင့် ဝမ်းသာအားရ ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပြည်သူများ၏ ရင်တွင်းမှလာသော ပီတိစကားများကို ကြားသိရသဖြင့် ကျေးရွာပြည်သူများနှင့် ထပ်တူထပ်မျှ ဝမ်းသာပီတိ ဖြစ်ရပါကြောင်းဖြင့် ပြောကြားသည်။

အရှိန်အဟုန်မြှင့်မည်

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက ပြောကြားရာတွင် ကျေးလက်ပြည်သူများ၏ ပီတိအဟုန်ဖြင့် ပြောကြားချက်များနှင့် ကျေးလက်ဒေသ၏ ပကတိတိုးတက်မှု ရုပ်သွင်ကို အရှိအတိုင်း တွေ့မြင်ခဲ့ရ၍ မိမိအနေဖြင့် ဝမ်းသာကျေနပ်ရပါကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရေး၊ ကျေးရွာတိုင်း လျှပ်စစ်မီးအလင်းရောင် ရရှိရေး၊ ရေကောင်းရေသန့် ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားဖွံ့ဖြိုးရေးတို့အတွက် ဆက်လက်၍ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်နှင့် ပနန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့သို့ အလှူငွေပေးအပ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပနန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းပြုပြင်ရန် ငွေကျပ်ငါးသိန်းကိုလည်းကောင်း၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက မူလတန်းကျောင်းစာသင်ခုံနှင့် ပရိဘောဂများအတွက် ငွေကျပ် နှစ်သိန်းခွဲကိုလည်းကောင်း၊ ပနန်ကျေးရွာ ကျေးလက် ကျန်းမာရေးအတွက် မြွေဆိပ်ဖြေဆေးများကိုလည်းကောင်း၊ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းက ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအတွက် ဗီရိုတစ်လုံးနှင့် ဆေးဝါးမျိုးစုံကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့သို့ ဝတ်စုံ ၂၀ ကိုလည်းကောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ဝတ်စုံ ၂၀ ကိုလည်းကောင်း၊ ကျေးလက်စာကြည့်တိုက်အတွက် စာအုပ်မျိုးစုံ ၅၀၀ ကို လည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က မိတ္ထီလာခရိုင် မလှိုင်မြို့နယ် သုံးထောင်ရွာကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် အလှူငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က ပနန်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းအတွက် ဗလာစာအုပ် ၁၇၅ ဒါဇင်နှင့် ခဲတံ ၁၁၇ ဒါဇင်တို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းအတွက် ဂရိတ်ဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးတင်အောင်က ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အလှူရှင် ၂၂ဦးတို့က အလှူငွေကျပ် ၁၁သိန်းရှစ်သောင်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူးက လက်ခံသည်။

ဆက်လက်၍ မန္တလေးမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ပထမအတွင်းဝန်က ငွေကျပ်ငါးသောင်းကိုလည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ငွေကျပ်ငါးသောင်းကို လည်းကောင်း လှူဒါန်းကြသည်။

လျှပ်စစ်စက်ရုံ

ယင်းနောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် ပနန်ကျေးရွာရှိ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအတွင်းရေးမှူးတို့သည် ပနန်ကျေးရွာအတွက် ရေကောင်းရေသန့်ရရှိရေး ဆောင်ရွက်ထားမှုနှင့် ရေစက်တို့ကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်တော်များသည် ကျန်းမာရေးပြခန်းသို့ ရောက်ရှိကြပြီး ကျန်းမာရေးပညာပေး ပြကွက်များကို ကြည့်ရှုကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် အထူးကုသဆောင်ဖွင့်လှစ်၍ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဆွေဆွေရီ ခေါင်းဆောင်သည့် ဆေးကုသရေးအဖွဲ့၏ ဆေးကုသမှုအခြေအနေများ ကြည့်ရှုအားပေးကြပြီး မျက်စိဝေဒနာရှင်များအား အားပေးစကား ပြောကြားကြကာ မျက်မှန်များကို တပ်ဆင်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် နား၊ နှာခေါင်း အထူးကုသရေးအဖွဲ့၊ ဖျားနာနှင့် အထွေထွေရောဂါကုသရေးအဖွဲ့၊ ခွဲစိတ်အထူးကု၊အရိုး အထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကုများ၏ ဆေးကုသမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ထို့အပြင် ဘုန်းတော်ကြီးကျောင်း မြက်ခင်းပြင်၌ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ခုခံအား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

“ကျေးရွာချင်းဆက် မြို့ကိုတက်” ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့ကျေးရွာနှင့်မြို့ပြ ဆက်သွယ်ဆောင်ရွက်ရာတွင် နေ့ညမရွေး ဆက်သွယ်သွားလာနိုင်ပြီဖြစ်ကြောင်း၊ ယင်းသို့ ဆက်သွယ်သွားလာနိုင်သည့်အကြောင်းရင်းမှာ ဇီဝဓာတ်ငွေ့ လျှပ်စစ်စက်ကြောင့် ကတဲကျေးရွာ၊ ပန်းခွာကျေးရွာ၊ သူငယ်တော်ကျေးရွာများ၌လည်း မီးထိန်ထိန်လင်းနေသောကြောင့်ဖြစ်ကြောင်း၊ မိမိတို့ကျေးလက်ဒေသများမှာ မြို့ပြနှင့်မခြား လျှပ်စစ်မီးရရှိနေသဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးမှအစ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပနန်ကျေးရွာမှ ဦးညီမောင်က ဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးရရှိခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် ယနေ့ နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသနှင့် မြို့ပြကွာဟမှုနည်းနိုင်သမျှနည်းပါးရန် ကြိုးပမ်းဆောင်ရွက်ပေးနေသည်ကို မိမိတို့ ကျေးလက်ပြည်သူများက ရုပ်မြင်သံကြားမှတစ်ဆင့် သိရှိနေရပါကြောင်း။

လျှပ်စစ်မီးရရှိ

နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုကြောင့် မိမိတို့ ပနန်ကျေးရွာမှာ ညစဉ် မီးထိန်ထိန်လင်းလျက် ရှိပါကြောင်း၊ ပနန်ကျေးရွာက စတင်ခဲ့သည့် ဇီဝဓာတ်ငွေ့ လျှပ်စစ်မီးသည် အောင်မြင်မှုရရှိခဲ့၍ မန္တလေးတစ်တိုင်းလုံးရှိ ကျေးရွာ ၈၀ကျော်တွင် ဇီဝဓာတ်ငွေ့လျှပ်စစ်ဖြင့် ထုတ်လုပ်သော လျှပ်စစ်မီးများ ရရှိသုံးစွဲနေကြပြီဖြစ်ကြောင်း။

ကျန်းမာရေးကိစ္စနှင့် စပ်လျဉ်း၍ အထူးကု ဆရာဝန်ကြီးများ အဖွဲ့က ကျေးလက်ဒေသအထိ လာရောက်ကုသပေးသည့်အတွက် ကျေးလက်နေပြည်သူများက ဝမ်းသာမဆုံး ဖြစ်ရပါကြောင်း၊ နိုင်ငံတော်၏ အကျိုးပြုလုပ်ငန်းများ၌ မိမိတို့ကျေးရွာ ပြည်သူလူထုက တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဝမ်းသာအားရ ပြောကြားသွားသည်။

ဆက်လက်၍ ပနန်ကျေးရွာမှ ဦးဝင်းနိုင်က စိုက်ပျိုးရေး၊ ပညာရေး ကဏ္ဍနှင့်စပ်လျဉ်း၍ ပြောကြားရာ၌ မိမိတို့နိုင်ငံသည် ကျေးလက်နေပြည်သူအများဆုံး နေထိုင်ကြကြောင်း၊

...တက်” ဟူသော ဆောင်ပုဒ်နှင့်အညီ မိမိတို့ကျေးရွာ
...်ရွက်ရာတွင် နေ့ညမရွေး ဆက်သွယ်သွားလာနိုင်၊
...ကြောင့် ကတဲကျေးရွာ၊ ပန်းခွာကျေးရွာ၊ သူငယ်တော်
...န်လင်း။
...အဖွဲ့က ကျေးလက်ဒေသအထိ လာရောက်ကုသ
...လက်နေ ပြည်သူများက ဝမ်းသာမဆုံးဖြစ်ရ၊
...၏ ပညာဗဟုသုတကြွယ်ဝရန် ကျေးလက်စာကြည့်
...ခဲ့သည့်အပြင် ကျောက်ဆည် တစ်ခရိုင်လုံးတွင်
...က်စာကြည့်တိုက်များ ဖွင့်လှစ်ပေးနိုင်ခဲ့။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ၌ အထူးကုဆရာဝန်ကြီးက ဒေသခံ ကျေးလက်ပြည်သူတစ်ဦးအား မျက်စိစမ်းသပ်စစ်ဆေးကုသပေးစဉ်။ (စက်မှု-၁)

ကမ္ဘာ့ဈေးကွက်တွင် စိုက်ပျိုးသီးနှံများ၏ဈေးကွက် အစဉ်အမြဲရှိနေ
ကြက်ဆူ၊ ဆီး၊ ချင်း၊ နနွင်း၊ ဆေးဖက်ဝင် သစ်ခွ၊ ရော်ဘာ၊ ဆီအုန်းတို့ ဈေးကောင်းရ

ရန်ကုန် အောက်တိုဘာ ၈

စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသင်းများဆွေးနွေးပွဲ ကို ယမန်နေ့တွင် ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလုပ်အမှုဆောင်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံလယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံဥယျာဉ်ခြံမြေသီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံကြံနှင့် ကြံထွက်ပစ္စည်းစိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့်စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းတို့မှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အထူးစိုက်ပျိုးရေးဇုန်မှ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အမှာစကား ပြောကြားရာ၌ နိုင်ငံတော်နှင့် နိုင်ငံသားများ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးသည် အဓိကကျသော ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်က ပုဂ္ဂလိကစိုက်ပျိုးထုတ်လုပ်ရေးတိုးတက်မြင့်မားအောင် အားပေးကူညီလျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးနိုင်သော မြေအများအပြားကျန်ရှိနေကြောင်း၊ စုစုပေါင်းစိုက်ပျိုးမြေဧက ၂၅သန်းတွင် သီးနှံစိုက်စွမ်းအား ၄၉ သန်းအထိ ရရှိနေကြောင်း၊ အဓိက သီးနှံ၁၀မျိုးကို ပန်းတိုင်အထွက်နှုန်း ရရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် စိုက်ဧကတိုးချဲ့စိုက်ပျိုးရေးနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေး နည်းလမ်းနှစ်သွယ်ဖြင့် ဆောင်ရွက်ရာတွင် ဒေသအလိုက် စိုက်ပျိုးရေရရှိရေး၊ ဒေသအလိုက် စိုက်ပျိုးမြေယာသစ်များ ပေါ်ထွက်ရေး၊ မြေယာသစ်များတွင် သီးနှံစိုက်ပျိုးနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ မြေယာချထားလုပ်ကိုင်ခွင့်များပေးလျက်

စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာအသင်းများ ဆွေးနွေးပွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အမှာ စကား ပြောကြားစဉ်။ (လယ်/ဆည်)

ရှိကြောင်း၊ နိုင်ငံတကာဈေးကွက်ဝင် အမယ်သစ်သီးနှံများကိုလည်း တိုးချဲ့ စိုက်ပျိုးနိုင်ရန် အားပေးကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးဒေသ၊ ပခုက္ကူလွင်ပြင်နှင့် ပုဂံညောင်ဦး ဒေသများတွင်တည်ဆောက်ပြီး ဆည်များအောက်ပိုင်းရှိ ချောင်းဘေးဝဲယာတွင် ပေါ်ထွန်းလာသော မြေယာများ၌ ကြက်သွန်များတိုးချဲ့စိုက်ပျိုးနိုင်ပြီဖြစ်ရာ ဝန်ကြီးဌာနက စိုက်ပျိုးမှုနည်းပညာ၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ ပိုးမွှား ရောဂါကာကွယ် နှိမ်နင်းရေးတို့ကို နည်းပညာပံ့ပိုးပေးလျက်ရှိကြောင်း။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ရာ ရာသီသီးနှံများသာမက နှစ်ရှည်သီးနှံ၊ ရော်ဘာ၊ ဆီအုန်းစသည်တို့ကိုလည်း မြေယာလုပ်ကိုင်ခွင့်များ ရရှိဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း၊ ယခုအခါ ကမ္ဘာ့ဈေးကွက်တွင် စိုက်ပျိုးသီးနှံများ၏ ဈေးကွက်သည် အစဉ်အမြဲရှိနေကြောင်း၊ အထူးသဖြင့် ကြက်ဆူ၊ ဆီး၊ ချင်း၊ နနွင်း၊ ဆေးဖက်ဝင်သစ်ခွတို့သာမက ရော်ဘာ၊ ဆီအုန်းတို့၏ဈေးကွက်မှာဈေးကောင်းရနေသဖြင့် တိုးချဲ့ စိုက်ပျိုးကြရန် ဝန်ကြီးဌာနအနေဖြင့် အားပေးကူညီလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စီးပွားရေးဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ပုဂ္ဂလိကအပိုင်းက ပါဝင်ဆောင်ရွက်ရေးကို မိမိတို့ဝန်ကြီးဌာနက ကူညီပံ့ပိုးဖြည့်ဆည်းပေးနေကြောင်း၊ ပြည်ပပို့ကုန် ဈေးကွက်ဝင် သီးနှံများကိုလည်း ဈေးကွက်တင်ပို့မှုကို ဆောင်ရွက်နိုင်ခဲ့သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အချိန်တိုအတွင်း ဝင်ငွေရရှိနေကြကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်း သရက်သီးနှင့် ကြက်သွန်နီတို့ကို တိုးမြှင့်တင်ပို့ခဲ့ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ အသင်းများအနေဖြင့် အသင်းနှင့် အသင်းဝင်အင်အား တောင့်တင်းရေး၊ ကုန်စည်းတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် ဝင်ငွေတိုးမြှင့်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အသင်း၏ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းရေး ကူညီပံ့ပိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ မြန်မာနိုင်ငံ ရော်ဘာ စိုက်ပျိုး ထုတ်လုပ်သူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်၊ မြန်မာနိုင်ငံ ဆီအုန်းစိုက်ပျိုးထုတ်လုပ်သူများအသင်း ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်းသီးနှံ စိုက်ပျိုး ထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေ စိုက်ပျိုးထုတ်လုပ်သူများအသင်း အလုပ်အမှုဆောင် ဦးစိုးသန်းမင်း၊ မြန်မာနိုင်ငံ ကြံနှင့်ကြံထွက်ပစ္စည်း စိုက်ပျိုးထုတ်လုပ်သူများအသင်း အထွေထွေအတွင်းရေးမှူး ဦးတင်ဝင်း၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေး ဆေးလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဦးသတိုးဟိန်း တို့က ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှ အောင်က ဆွေးနွေးတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

ဆရာတော်အရှင်အာစာရာလင်္ကာရ တရားတော်များ ဟောကြားမည်

ရန်ကုန် အောက်တိုဘာ ၈

ဓမ္မကထိကဆရာတော်အရှင်အာစာရာလင်္ကာရသည် အောက်တိုဘာ ၁၆ရက် ညတွင် ရွှေဘိုမြို့ပွင့်လန်းဓမ္မာရုံ၊ ၁၇ ရက် ညနေ ၃ နာရီတွင် ရွှေဘိုဆုတောင်းပြည့်ဘုရား၊ ည ၈ နာရီတွင် ရွှေဘိုရွှေတန်ဆာဘုရား၊ ၁၈ ရက်နေ့ နံနက် ၈ နာရီတွင် ရွှေဘိုတအုံရွာ၊ ည ၈ နာရီတွင် ရွှေဘိုရွှေတန်ဆာဘုရား၊ ၁၉ ရက်ညတွင် မုံရွာမြို့ ဘုန်းစိုးကျောင်းတိုက်ဗုဒ္ဓပူဇနိယပွဲ၊ ၂၀ ရက်ညတွင် မုံရွာမြို့ကျောက္ကာရွှေဂူနီ ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ၂၁ရက်ညတွင် မုံရွာမြို့ သလ္လာရပ်ကွက် အရဏ်ဦးဘုံ ဆွမ်းလောင်းအသင်း၊ ၃၀ ရက်ညတွင် မန္တလေးမြို့၊ ကိုင်းတန်းဈေးကထိန်ပွဲ၊ ၃၁ ရက် ညနေ ၃ နာရီတွင် ရွှေဘိုရွှေတန်ဆာဘုရားတရားအောင်ပွဲ၊ ည ၈ နာရီတွင် ရွှေဘိုရွှေမော်ဓောစေတီတော်တို့၌ တရားတော်များဟောကြားမည် ဖြစ်ကြောင်းနှင့် တရားပွဲပင့်လျှောက်လိုသူများ ဖုန်း-၀၇၂-၂၂၁၇၀ သို့ ဆက်သွယ် ပင့်လျှောက်နိုင်ကြောင်း သိရသည်။ (က-ပ)

မကွေးမြို့နယ်အသင်း သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် အောက်တိုဘာ ၈

မကွေးမြို့နယ်အသင်း (ရန်ကုန်) ဂုဏ်ပူဇော်၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂၉ရက်နံနက်၉နာရီတွင် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ် တက္ကသိုလ်များဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ရာ ဦးအေးကို ဖုန်း-၆၈၃၄၉၈၊ ဦးကြည်မောင် ဖုန်း-၅၇၈၃၁၅၊ ဦးမြင့်သိန်း ဖုန်း-၅၇၉၅၆၆နှင့် ဦးတင်ထွန်း ဖုန်း-၅၁၃၂၆၂ တို့ထံ ဆက်သွယ် မေးမြန်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဖျာပုံမြို့နယ်အသင်း ကထိန်သင်္ကန်းကပ်လှူမည်

ရန်ကုန် အောက်တိုဘာ ၈

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်) ၏ (၁၁)ကြိမ်မြောက် ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကို နိုဝင်ဘာ ၆ရက်တွင် ဖျာပုံမြို့ သိမ်ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဇနိန္ဒအမှူးထား၍ အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ လိုက်ပါလိုသူများနှင့် လှူဒါန်းလိုသူများသည် ဖျာပုံမြို့နယ်အသင်းတိုက် အမှတ် (၃၀)ဘိုကလေးဈေးလမ်းဗိုလ်တထောင်မြို့နယ် ဖုန်း-၂၉၁၀၈၃ သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်း၊ ဖျာပုံရာမ ဓာတ်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုများချီးမြှင့်ခြင်းနှင့် ၂၀၀၆ခုနှစ်တွင် ကျင်းပမည့် အထက-၁၊ဖျာပုံကျောင်းတော်ကြီး၌ နှစ်(၁၀၀)ပြည့်ပွဲတော်အတွက် အလှူငွေများကို ရာပြည့်ဖြစ်မြောက်ရေး ဦးစီးကော်မတီသို့ ပေးအပ်လှူဒါန်းကြရမည်ဖြစ်သည်။ (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း
ကာလတိုအတွင်းဝင်ငွေတိုးစေဖို့ကော်ဖီစိုက်ပျိုးကြပါစို့

- * နှစ်စဉ်ဝင်ငွေများများရရှိနိုင်သည့် သီးနှံစိုက်ပျိုးလိုပါက ကော်ဖီပင် စိုက်ပါ။
- * ကော်ဖီသည် သုံးနှစ်မှစ၍ ဝင်ငွေရရှိပါသည်။ ကော်ဖီခင်းများ၌ အရိပ်ရသီးပင် စိုက်ပျိုးခြင်းဖြင့် ထပ်ဆောင်းဝင်ငွေရရှိနိုင်ပါသည်။
- * ပြင်ဦးလွင်နှင့် နောင်ချိုမြို့နယ်များတွင် ကော်ဖီ ဧကတစ်သိန်း စိုက်ပျိုးရန် မြေနေရာများအသင့်ရှာဖွေပြီးဖြစ်ပါသည်။ ၎င်းနယ်မြေတွင် ကော်ဖီစိုက်ပျိုးလိုသူများအား မြေယာလုပ်ကိုင်ခွင့်များ ချထားပေးလျက်ရှိပါသည်။
- * အခြားပြည်နယ်နှင့်တိုင်းများရှိ မြေလွတ်၊ မြေရိုင်းများတွင်လည်း လုပ်ကိုင်ခွင့် ချထားပေးလျက်ရှိပါသည်။
- * မြေငါးဧကနှင့်အထက် လျှောက်ထားနိုင်ပြီး သုံးနှစ်အတွင်း အပြီး စိုက်ပျိုးရမည်ဖြစ်ပါသည်။
- * စတင်စိုက်ပျိုးရန် အခက်အခဲရှိသူများအနေဖြင့် ပြင်ဦးလွင်မြို့နယ် ရေချမ်းအိုးနှင့် ပွဲကောက်ဒေသများတွင်လည်းကောင်း၊ နောင်ချိုမြို့နယ် ခြေမြစ်ပင်နှင့် ဟိုခိုဒေသ များတွင်လည်းကောင်း ဌာနမှ အသင့်စိုက်ပျိုးထားပြီးဖြစ်သော ကော်ဖီစိုက်ခင်းများအား ကျသင့်တန်ဖိုးဖြင့် လွှဲပြောင်းရယူနိုင်ပါသည်။
- * ကော်ဖီစိုက်ပျိုးလိုသူများကို အောက်ပါလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(က) မျိုးကောင်းမျိုးသန့် ပျိုးပင်နှင့်အရိပ်ပင်များရရှိရေး (ခ)နည်းပညာ အကူအညီရရှိရေး (ဂ) မြေသြဇာနှင့် ပံ့ပိုးပစ္စည်းများရရှိရေး (ဃ) စိုက်ပျိုးစရိတ်ချေးငွေ ရရှိရေး (င)စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ

တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ စိုက်ပျိုးလိုသူများ ဆက်သွယ်ရန်မှာ-

ရန်ကုန်မြို့ - မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်း(ရုံးချုပ်) (၉)မိုင်၊ ပြည်လမ်း၊ ဖုန်း ၀၁-၆၆၅၄၉၃၊ ၀၁-၆၆၆၀၂၇

ပြင်ဦးလွင်မြို့ - ပြင်ဦးလွင်ဒေသရုံးခွဲ၊ မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်း၊ ဖုန်း ၀၈၅-၂၂၁၃၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

❍ စာမျက်နှာ ၉ မှ

ကျဆင်းမှု ကူးစက်ရောဂါအကြောင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဝမ်းလျှောဝမ်းပျက် ကာကွယ်ရေး သိကောင်းစရာများနှင့် ပတ်သက်၍ လည်းကောင်း၊ အာဟာရအကြောင်း သိကောင်းစရာများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့က လူကုန်ကူးမှု ကာကွယ်ရေး ကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း ဟောပြောကြရာ ကျေးရွာပြည်သူများက စိတ်ဝင်တစား နားထောင်ကြသည်။

ယင်းနောက် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကျေးရွာသူများနှင့် စကားဝိုင်းဖွဲ့ကာ ၄က်ဖျားရောဂါ သိကောင်းစရာများ၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကိစ္စများနှင့်ပတ်သက်၍ လည်းကောင်း၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ လည်းကောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲသွားရေးကိစ္စများကို လည်းကောင်း ရှင်းရှင်းနှီးနှီး အသိပညာပေး ဆွေးနွေးကြသည်။

ညနေပိုင်းတွင် တိုင်းမှူး၊ ဗဟိုအတွင်းရေးမှူးနှင့် ဧည့်သည်များသည် ရွာဦးကျောင်း ဆရာတော် ဦးပဏ္ဍိတနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ကျေးရွာရှိ အသက်(၈၀)မှ (၉၀)အကြား အဘိုး၊အဘွား ၂၂ဦးတို့အား အားပေးစကား ပြောကြားကြကာ လှူဒါန်းပစ္စည်းများကို လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝါးတောမြတ်မွန်ဝေဠုဝန်ဓမ္မရိပ်သာ (၁၀)ရက်တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

ဆုထူးပန်ဆရာတော်တည်ထောင်သော သန်လျင်မြို့နယ် အောင်ချမ်းသာရပ်ကွက် ဝါးတောမြတ်မွန်ဝေဠုဝန်ဓမ္မရိပ်သာ၌ ရန်ကုန်မြို့ ဆုထူးပန်ဆရာတော်၊ တပ်ကုန်းမြို့ မဟာသီဟနာဒဆရာတော်တို့၏တပည့် တက္ကသိုလမဟာဓမ္မာစရိယ (M.A) ကမ္မဋ္ဌာနာစရိယ အရှင်ကုဋ္ဌမလက အောက်တိုဘာ၁၃ရက်မှ ၂၂ရက်အထိ ဟောပြောပြသမည်ဖြစ်၍ အောက်တိုဘာ ၁၂ရက် ညနေအရောက် ကြွရောက်ရန် ဖိတ်ကြားထားသည်။ (က-ပ)

❁ **နိုင်ငံတော်မှ**

ယင်းနောက် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြရာ ဆေးရုံ မုခ်ဦးကို တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံဆရာဝန်ဒေါက်တာအေးပြည့်စုံက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဆေးပဒေသာပင်လှူဒါန်းပွဲနှင့် ကျန်းမာရေးနှင့်ပညာရေးဆိုင်ရာ ပစ္စည်းများထောက်ပံ့ပွဲ အခမ်းအနားကို ဆေးရုံခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်က ဆေးရုံဆောက်လုပ်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ပြည်ကြီးမဏ္ဍိုင်မြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဒေသဝမ်းစာဖူလုံရေး၊ ဆီအုန်း၊ ရော်ဘာနှင့် ငရုတ်ကောင်းတိုးချဲ့စိုက်ပျိုးနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ယခု ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံကို ဖွင့်လှစ်လိုက်သဖြင့် ဒေသခံပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို အပြည့်အဝ ခံစားနိုင်ပြီဖြစ်ကြောင်း၊ နိုင်ငံတော်က ကျေးလက်နှင့်မြို့ပြဒေသ ကွာဟမှုမရှိစေဘဲ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးခဲ့ရာ ဤဒေသသည် ယခင်ကနှင့်မတူ ထူးခြားစွာ တိုးတက်ဖွံ့ဖြိုးလာပြီ ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ဆေးရုံဆောက်လုပ်ပေးသဖြင့် နိုင်ငံတော်အား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆေးရုံအတွက် ထာဝရဆေးပဒေသာပင် စိုက်ထူခြင်းနှင့် ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာများတွင် အသုံးပြုရန် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့တို့က ငွေကျပ်တစ်သိန်း၊ ဘုတ်ပြင်းတပ်နယ်မှဗိုလ်မှူးချုပ်သူရသက်ဦးမောင်နှင့် ဇနီးတို့က ငွေကျပ် ငါးသောင်း၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တနင်္သာရီမြို့နယ်ရှိ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၏ ချောင်းနောက်ပြန်စခန်း ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းတွင် အမှတ်တရဆီအုန်းပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ကော့သောင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက ငွေကျပ်ငါးသိန်း၊ ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ငွေကျပ် တစ်သိန်း၊ လေညှာအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညွှန့်ကြည်က ငွေကျပ် သုံးသိန်း၊ မဏ္ဍိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းက ငွေကျပ်တစ်သိန်း၊ မနိုးရုံးရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဝင်းက ငွေကျပ်ငါးသောင်း၊ ရွှေဝဲညိုရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖိုးတုတ်က ငွေကျပ် ငါးသောင်း၊ ဦးစောဂျက်–ဒေါ်ခင်စိုး (အဏ္ဏဝါစိုးကုမ္ပဏီ၊ မြိတ်မြို့)က ငွေကျပ်ငါးသိန်း၊ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူက ငွေကျပ်တစ်သိန်း၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ငွေကျပ်တစ်သိန်းတို့ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာအေးပြည့်စုံက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆေးစိမ်ခြင်ထောင်များကို ပြည်ကြီးမဏ္ဍိုင်မြို့ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်ခင်နှင့် ပြည်ကြီးမဏ္ဍိုင် ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စုစုလွင်တို့အား လည်းကောင်း၊ ဆေးရုံဖွင့်ပွဲတွင် ပါဝင်ကူညီခဲ့သည့် ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့အတွက် ဂုဏ်ပြုငွေကျပ်တစ်သိန်းကို ဘင်ခရာအဖွဲ့ ခေါင်းဆောင်သို့လည်းကောင်း ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက အဝတ်အထည်နှင့် ဆန်များကို မဏ္ဍိုင်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတိုးဝင်းနှင့် လေညှာအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးညွှန့်ကြည်တို့အား လည်းကောင်း၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗလာစာအုပ်၊ ခဲတံ၊ စာကြည့်တိုက်အတွက် စာအုပ်များ၊ မျိုးဆက်ပွား ပညာပေးဗွီစီဒီချပ်များ၊ တိပ်ခွေနှင့် အိုင်အိုဒင်းဆားတို့ကို ပြည်ကြီးမဏ္ဍိုင်မြို့ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား လည်းကောင်း၊ တိုင်းစည်ပင် သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်က ဆေးရုံ၌ စက်ရေတွင်း တူးဖော်ရန်အတွက် အလှူငွေ ကျပ်ငါးသိန်းကို တာဝန်ခံဆရာဝန်ဒေါက်တာအေးပြည့်စုံအားလည်းကောင်း အသီးသီး ထောက်ပံ့

တနင်္သာရီတိုင်း ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံမှာ အလျားပေ ၈၀၊ အနံပေ ၄၀ ရှိ RC တစ်ထပ် အဆောက်အအုံဖြစ်ပြီး ကုန်ကျငွေမှာ ငွေကျပ်သိန်း ၃၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ်ရှိ ထူးထရေးဒင်း ကုမ္ပဏီလီမိတက်၏ ချောင်းနောက်ပြန်စခန်း ဆီအုန်းစိုက်ပျိုးရေး စီမံကိန်းရုံးသို့ ရောက်ရှိကြရာ စီမံကိန်းရုံး၌ ဒုတိယစီမံကိန်းမန်နေဂျာ ဦးမိုးဇော်အေးက ဆီအုန်းစိုက်ပျိုးပြီးစီးမှု၊ ဆီအုန်းပင်များ ပျိုးထောင် စိုက်ပျိုးထားမှုအခြေအနေ၊ ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

ထူးထရေးဒင်းကုမ္ပဏီ လီမိတက် အနေဖြင့် ချောင်းနောက်ပြန်စခန်း၌ ဆီအုန်းပင်ပေါက် ၆၃၀၀၀ ကို ပြုစုပျိုးထောင်ထားပြီး ဆီအုန်း ဧက ၁၀၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရသည်။

အမှတ်တရစိုက်ပျိုး

ထို့နောက် စီမံကိန်းရုံးအနီး၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဘုတ်ပြင်းတပ်နယ်မှ ဗိုလ်မှူးချုပ်သူရသက်ဦးမောင်တို့က ဆီအုန်းပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဆေးစိမ်ခြင်ထောင်များကို ပြည်ကြီးမဏ္ဍိုင်မြို့ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မော်မော်ခင်နှင့် ပြည်ကြီးမဏ္ဍိုင်ရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်စုစုလွင်တို့အား ပေးအပ်စဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် တနင်္သာရီမြို့နယ်ရှိ ကမ္ဘောဇ စိုက်ပျိုးရေးစက်မှုလုပ်ငန်းများ လီမိတက်၏ ဆီအုန်းစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ခင်းရုံးခန်း၌ စခန်းတာဝန်ခံ ဦးလှကြည်က ဆီအုန်းစိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နှစ်စဉ်သတ်မှတ်လျာထားဧကအတိုင်း တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

ဆက်လက်၍ အဆိုပါ စိုက်ခင်းရုံးခန်း၌ တနင်္သာရီမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ရှေးဦးစွာ တနင်္သာရီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြသိန်းက မြို့နယ်၏ ဒေသဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက တာဝန်ရှိသူများနှင့် ဆီအုန်းစိုက်ပျိုးသည့် ကုမ္ပဏီများပေါင်းစပ်ညှိနှိုင်း၍ ဆီအုန်းပင် မစိုက်ပျိုးရသေးသည့် နေရာများ၌ တောင်ယာစပါး စိုက်ပျိုးရေးနှင့် ရေကြီး ရေနက်ကွင်းများ၌ စပါးစိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လိုအပ်သည်များကို မှာကြားပြီး မြိတ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၆ ရက် နံနက်ပိုင်းတွင် မြိတ်မြို့မှတစ်ဆင့် ကျွန်းစုမြို့နယ် ကံမော်ကျေးရွာသို့ ရောက်ရှိကြသည်။

ယင်းနောက် ကံမော်ကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၌ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူး၍ အထွေထွေရောဂါ၊ ခွဲစိတ်၊ သားဖွားနှင့် မီးယပ်ရောဂါ၊ အဆုတ်ရောဂါ၊ ငှက်ဖျားရောဂါ၊ မျက်စိရောဂါနှင့် သွားနှင့်ခံတွင်းရောဂါ အထူးကုဆရာဝန်ကြီးများက ကံမော်ကျေးရွာသူ၊ ကျေးရွာသားများအား အခမဲ့ ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုစစ်ဆေးကြရာ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပသည့် အသက် (၇၀) နှင့်အထက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲသို့ တက်ရောက်ပြီး အဘိုးအဘွားများအား ကန်တော့ကာ ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့်ဇနီး ဒေါ်တင်တင်နွဲ့၊ ဒုတိယတိုင်းမှူး၏ဇနီး၊ မြိတ်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် ဗိုလ်မှူးကြီး ခင်အောင်မြင့်တို့က အဘိုးအဘွားများအား ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကံမော်ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း အခြေအနေ၊ ကျောင်းပတ်ဝန်းကျင်အခြေအနေနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး၊ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါကျောင်း၌ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံရာ ကံမော်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် ကျွန်းစုမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းညွှန့်တို့က ကံမော်ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်သည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ကံမော်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်၏ လူများစုနေထိုင်ရာ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ငွေကျပ်တစ်သိန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေက ငွေကျပ်တစ်သိန်း၊ လုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးက ငွေကျပ် ၁၃ သိန်းနှင့် ကျောင်းဆောင်ဟောင်း သွပ်မိုးရန်အတွက် လုပ်ငန်းရှင်များကိုယ်စား လုပ်ငန်းရှင်တစ်ဦးက ငွေကျပ် ၁၂ သိန်းတို့ကို ကံမော်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြင့်ထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ကံမော်ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ကံမော်ကျွန်း၌ ရော်ဘာစိုက်ပျိုးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြိတ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ဟော်ကီဒိုင်လူကြီးနှင့် နည်းပြများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် စက်တင်ဘာ ၂၉ ရက် နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းခန်းမ၌ အားကစားဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ဟော်ကီဒိုင်လူကြီးနှင့် နည်းပြများအတွက် အင်္ဂလိပ်စာ အရေးအပြောကျွမ်းကျင်မှု သင်တန်းဆင်းပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တပ်မတော်မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်က အမှာစကားပြောကြားပြီး ဝန်ကြီးက သင်တန်းဆရာသုံးဦးတို့အား ဂုဏ်ပြုလက်ဆောင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်ဥက္ကဋ္ဌက သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူ သုံးဦးတို့အား ထူးချွန်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားမှ ကိုးပါးသီလ ချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၈

၁၃၆၇ခုနှစ် သီတင်းကျွတ်လဆန်း ၈ရက် (အောက်တိုဘာ ၁၀ရက်) တနင်္လာနေ့တွင် ရန်ကုန်တိုင်း ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် တိပိဋကမဟာဂန္ဓာဝင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသက မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်း အစီအစဉ်များအပြီး၌ နဝင်္ဂဥပေါသထကိုးပါးသီလ တရားတော်မြတ်ကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ တပ်မတော် (ရေ)အသင်း ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၅ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊လေ) ဘောလုံးပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှုင်ယာ အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။

ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် တပ်မတော် (ရေ)အသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော် (ရေ)အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲ သို့ တက်ရောက်သွားသည်။

တတိယနေရာလုပွဲအဖြစ် အမှတ် (၅၅) ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် အသင်းတို့သည် အောက်တိုဘာ ၁၀ရက်ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှုင်ယာ အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

အောက်တိုဘာ ၁၁ရက် ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လှုင်ယာ အားကစား လေ့ကျင့်စခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် တပ်မတော် (ရေ)အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ယင်းဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြပုံများကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် ထုတ်လွှင့်သွားမည်ဖြစ်သည်။

(သတင်းစဉ်)

ခြောက်ထပ်ကျောင်းတော်ကြီး တည်ဆောက်ရန် အလှူငွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၈

မရမ်းကုန်းမြို့နယ်၊ သမိုင်း (၁) ရပ်ကွက်၊ ၂ လမ်း၊ ရတနာမဥ္ဇူဓမ္မ ရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက ခြောက်ထပ်ကျောင်းဆောင်တော်ကြီးအတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံပလာဇာနေ ဦးဝင်းမြတ်ထွန်း-ဒေါ်မေသက်ဝင်း၊သမီးလေး စုစံမိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်း **(အပေါ်ဝဲပုံ)**၊ ဦးမျိုးစံ-ဒေါ်စုစုပိုင်မိသားစုက အမေရိကန်ဒေါ်လာ ၁၀၀တို့ကို ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ (ပုဂံ) ထံသို့ အောက်တိုဘာ ၂ရက်က ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်က ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁၀-၂၀၀၅ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	မြန်မာ့ဆေးဝါးအတွက် အားထားစရာလင်ဇီးမှို
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	Sunday Talk
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၄၅	အောင်မြေရွှေဘိုမြို့ အပိုင်း(၁)
၉း၀၀	မိုးလေဝသခန့်မှန်းချက်
၉း၀၅	ဇော်ဝင်းထွဋ် Live Show At MCC(2)
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	တေးဂီတအစီအစဉ်
၉း၃၅	မိခင်လောင်းများအတွက် အာဟာရ
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ)
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Korea Stars Myanmar Tour)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည (၂၃း၀၀) နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

အသက် (၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၅ခုနှစ် ပထမအကြိမ် အသက် (၁၈)နှစ်အောက် ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲကို အောက်တိုဘာ ၅ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။ အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက ဧရာဝတီတိုင်းကို ၆၆မှတ်၊ ၂၇မှတ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)က မွန်ပြည်နယ်ကို ၄၉မှတ်၊ ၄၆မှတ်၊ ပဲခူးတိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကို ၄၁မှတ်၊ ၁၆မှတ်တို့ဖြင့် အသီးသီး အနိုင်ရရှိသွားကြသည်။ အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကို ၂၈မှတ်၊ ၇မှတ်၊ စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို ၅၄မှတ်၊ ၅ မှတ်၊ ရန်ကုန်တိုင်းက ပဲခူးတိုင်းကို ၆၂မှတ်၊ ၂၁မှတ်တို့ဖြင့် အနိုင်ရရှိကြသည်။

(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်အတွင်းရှိ ရခိုင်ရိုးကြီး အမက၊ ကျည်စု အမကနှင့် စန္ဒယော်ကျေးရွာ မူလတန်းလွန်ကျောင်းများသို့ Morning Sum Gervement **အထည်ချုပ်စက်ရုံမှ ဦးထွန်းလှိုင်-ဒေါ်မြင့်မြင့်မိသားစု ၅၉လမ်း၊ လှိုင်မြို့နယ်က လှူဒါန်းသည့် ကျပ် ၁၂ သိန်း တန်ဖိုးရှိ အနွေးထည်၊ မိုးကာအင်္ကျီအထည် ၆၀၀ ပေးအပ်ပွဲကို အောက်တိုဘာ ၄ရက်က ရခိုင်ရိုးကြီး အမက၌ကျင်းပရာ အလှူရှင်များကိုယ်စား ဦးသန်းစိန်၊ ဦးစံမြင့်၊ ဦးအုန်းဟန်တို့က သက်ဆိုင်ရာကျောင်းအုပ်ကြီးများထံ ပေးအပ်စဉ်။** (၆၁)

မန္တလေးမြို့နေ ပါမောက္ခ ဒေါက်တာဦးတိုးလွင်၊ ဒေါက်တာဒေါ်မြင့်မြင့်ရည်၊ သား-ဒေါက်တာကောင်းထက်၊ သမီး-မသော်တာထက် မိသားစုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကမ္ဘာ့ မျက်မမြင်ပပျောက်ရေးနေ့

World Sight Day

၂၀၀၅-ခုနှစ်၊ အောက်တိုဘာ (၁၃)ရက်
"အမြင်သန်စွမ်း ဒို့အခွင့်အလမ်း၊ ၂၀၂၀-အရောက်လှမ်း"

"Vision 2020-The Right to Sight Elimination of Avoidable Blindness"

ကျန်းမာရေးဝန်ကြီးဌာန

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၈

ယနေ့ မြန်မာစံတော်ချိန် နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်၊ တုံကင်းပင်လယ်ကွေ့အတွင်း ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ အရှေ့ဘက် မိုင် ၃၀၀ ခန့်အကွာကို ဗဟိုပြုနေပြီး အနောက်ဘက်သို့ ရွေ့လျားလျက်ရှိကာ နောက် ၂၄ နာရီအတွင်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသများသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

ယင်းလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ယနေ့နံနက်မှ နောက် ၄၈ နာရီအတွင်း မြန်မာနိုင်ငံအရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အောက်ပိုင်းတို့တွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်မွန်အိမ်ရာနေ New Asian Shipping (H.K) Co., Ltd. M.V. Enchanter **သင်္ဘောမှ မြန်မာသင်္ဘောသားများ၏ အလှူငွေကျပ်ငါးသိန်းကို နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေတို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။**

(က-ပ)

စန္ဒိမယ်တော် ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၈

သျှရီသျှရီ စန္ဒိမယ်တော်ဘုရားကျောင်း ဂေါပကအဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော သျှရီသျှရီ စန္ဒိမယ်တော် ပူဇော်ပွဲကို ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် အမှတ်(၃၀၇) ဗိုလ်အောင်ကျော်လမ်းတွင် အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၁၂ ရက်ထိ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသည့် စေတနာရှင်များ ပွဲတော်ကျင်းပရေးကော်မတီ စန္ဒိမယ်တော် ဘုရားကျောင်းသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉-၁၀-၂၀၀၅ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	**တစ်ဘဝသာသနာကျမ်းပြုဆရာတော်၏ -သာသနာတစ်ဘဝ(အပိုင်း-၄)**
၈း၃၀	၁၀။	**ဆရာတော်ဦးဃောသိတ တရားတော် -ပဋိစ္စသမုပ္ပာဒ်အခြေခံ**
၉း၃၀	၁၁။	အပိတ်နှုတ်ဆက်စကား
၉း၃၁	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၂၀	၄။	**အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် - The Study of Mediate Inference 1.** (ပထမနှစ်-ဒဿနိကဗေဒ)
၄း၅၀	၅။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၆။	အမေးကမ္ဘာတွေးစရာ
၆း၀၀	၇။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၈။	နိုင်ငံတကာသတင်း
၆း၂၀	၉။	မိုးလေဝသသတင်း
၆း၂၅	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၁။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း-၂၆)**
၈း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။	ပဟေဠိနန်းတော်
	၁၆။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရေဆန်စား" (အပိုင်း-၁၂)**
	၁၈။	သင့်အတွက်မနက်ဖြန်
	၁၉။	အပိတ်နှုတ်ဆက်စကား
	၂၀။	ပြီးပါပြီ။

နှစ်လယ်မြန်မာ့ကျောက်မျက်ပြပွဲ ပုလဲရောင်းချရမှုစံချိန်သစ်တင်

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရောင်းချပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ စတင်ကျင်းပရာ ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း တက်ရောက်၍ ပုလဲအတွဲများ တင်ဒါစနစ်/ဈေးပြိုင်စနစ်တို့ဖြင့် ရောင်းချနေမှုတို့ကို ကြည့်ရှုအားပေးသည်။

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ အောက်တိုဘာ ၅ရက်မှ ၇ရက်အထိ ပြည်တွင်းပြည်ပ ရတနာကုန်သည်များသည် ခင်းကျင်းပြသထားသော ပုလဲအတွဲများကို ကြည့်ရှုလေ့လာပြီး မိမိတို့ဝယ်ယူလိုသည့် ပုလဲအတွဲအဆိုပြုလွှာများကို တင်ဒါပုံးအတွင်းသို့ ထည့်သွင်းခဲ့ကြသည်။

စံချိန်ချိုး

ယင်းသို့တင်သွင်းခဲ့သော အဆိုပြုလွှာများကို ပုလဲရောင်းချရေးဖွင့်ဖောက်စစ်ဆေးရေးအဖွဲ့က ယနေ့နံနက် ၉နာရီတွင် ဖွင့်ဖောက်စစ်ဆေးပြီး အများဆုံးဝယ်ယူသူ ရတနာကုန်သည်များအား ကြေညာပေးသည်။ ဆက်လက်၍ ဈေးပြိုင်စနစ်ဖြင့်ပုလဲတွဲများကိုရောင်းချပေးရာ ညနေ ၅ နာရီ ၄၅မိနစ်တွင် ပုလဲအတွဲစုစုပေါင်း ၂၀၅တွဲ ရောင်းချခဲ့ရသည်။ ယခုနှစ်လယ် ကျောက်မျက်ရတနာပြပွဲတွင် ပုလဲအတွဲများ ရောင်းချရမှုမှာ ပြီးခဲ့သော ၁၉၉၇ ခုနှစ် နှစ်လယ်ပြပွဲ ပုလဲရောင်းချမှု စံချိန်ကိုချိုးပြီး ပိုမိုရောင်းချနိုင်ခဲ့သည်။

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၁၀၀၁ဦးနှင့် ပြည်တွင်းမှ နိုင်ငံသားရတနာကုန်သည် ၇၆၃ဦး၊ စုစုပေါင်း ၁၇၆၄ဦးတို့ ရောက်ရှိနေကြပြီး နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ခင်းကျင်းပြသထားသော ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

ယခုနှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် မြန်မာနိုင်ငံမှ ထွက်ရှိသော မိုင်းရှူးပတ္တမြား အရိုင်းအတွဲအမှတ် (၁၁၄)သည် ၇ ဒသမ၅၀ကီလိုရှိပြီး ကြမ်းခင်းဈေး အများဆုံးအတွဲနှင့် မိုးကုတ်ပတ္တမြားအရိုင်း အတွဲအမှတ် (၇၇)သည် တစ်ပွင့်တည်း ၉ ဒသမ ၆၀ ကရက်ရှိကာ ကြမ်းခင်းဈေး အများဆုံး ပတ္တမြားတွဲကြီးနှစ်တွဲအပါအဝင် ကျောက်မျက် အတွဲပေါင်း (၁၄၁)တွဲတို့ကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အောက်တိုဘာ ၉ရက်နှင့် ၁၀ရက်တို့တွင် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)



မိုင်းရှူးပတ္တမြားအရိုင်းတွဲ အမှတ် (၁၁၄)

၂၀၀၅ ခုနှစ် မြန်မာ့နှစ်လယ်ကျောက်မျက်ရတနာပြပွဲ၌ ခင်းကျင်းပြသထားသော အရည်အသွေးမီ ကျောက်မျက်အတွဲများအနက် ကြမ်းခင်းဈေးနှုန်းအများဆုံး မိုင်းရှူးပတ္တမြားအရိုင်းတွဲ အမှတ် (၁၁၄)ကို တွေ့ရစဉ်။

(သတင်းစဉ်)

မြန်မာလိဂ်ဘောလုံးပွဲ ဘဏ္ဍာအခွန်နှင့်ပြည်ထဲရေးနိုင် စွန်ရဲနှင့် စွမ်းအင်အသင်း နှစ်ဂိုးစီသရေကျ

ရန်ကုန် အောက်တိုဘာ ၈

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်း၊ ပဒေသာကွင်းနှင့် ပဒုမ္မာကွင်းတို့တွင် ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်း နိုင်ပွဲဆက်ခဲ့ပြီး ပြည်ထဲရေးအသင်း နိုင်ပွဲစရကာ စွန်ရဲနှင့် စွမ်းအင်တို့ သရေပွဲဖြစ်သွားသည်။

အောင်ဆန်းကွင်း

စွန်ရဲအသင်း နှစ်ဂိုး။
(အောင်မျိုးဝင်းနှင့် စထက်နိုင်ဝင်း)
စွမ်းအင်အသင်း နှစ်ဂိုး။
(စိုင်းသန်းအောင်နှင့် နိုင်ဝင်း)

အတန်းတက်လာသည့် စွန်ရဲအသင်း၏ ခြေစွမ်းပြ ကစားနိုင်မှုကြောင့် အဆင့်မြင့်တန်း ဝါရင့် စွမ်းအင်အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရပြီး ပွဲပြီးခါနီး ထပ်ဆောင်းဖြည့်ပေးချိန်၌ ချေပဂိုးရရှိ၍ နှစ်ဂိုးစီ သရေကျခဲ့ရခြင်းဖြစ်သည်။

ပထမပိုင်း ၁၃ မိနစ်မှာပင် ပြစ်ဒဏ်ဘောမှတစ်ဆင့် စိုင်းသန်းအောင်က ခေါင်းတိုက်သွင်း ယူနိုင်ခဲ့သဖြင့် စွမ်းအင်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။ ကျော်ခိုင်ဝင်း၊ ဇော်ထက်အောင်၊ မင်းမင်းထွန်းတို့ ပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်သော စွမ်းအင်ခံစစ်ကြောင်းသည် စွန်ရဲအသင်း၏ တရစပ်ပြန်လည်တိုက်စစ်ဆင်မှုများကို ကြာရှည်တောင့်မခံနိုင်ဘဲ ချေပဂိုး ပြန်ပေးလိုက်ရသည်။ မိနစ် ၂၀ တွင် အောင်မျိုးဝင်းက ခေါင်းတိုက်ပြီး ချေပဂိုးပြန်လည်သွင်းယူခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီ သရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် စွန်ရဲအသင်း အနိုင်ဂိုးရရှိရန် တိုက်စစ်အားမြှင့်တင်လာရာ စွမ်းအင်အသင်း ဖျက်ထုတ်နေရသည်။ စွမ်းအင်အသင်း ပိတ်ဆို့ကစားနေသည့်ကြားမှပင် မိနစ် ၄၀ တွင် စထက်နိုင်ဝင်းက စွန်ရဲအတွက် ဒုတိယဂိုးသွင်းယူလိုက်သည်။ စွန်ရဲအသင်းမှာ ဂိုးထပ်မံရရှိသွား၍ ဂိုးမပေးရရေး ခံစစ်ကို ဦးစားပေးကစားရာ ပွဲပြီးခါနီး လေလွင့်ချိန်များအတွက် ထပ်ဆောင်းဖြည့်ပေးချိန်တွင် စွမ်းအင်အသင်းမှ နိုင်ဝင်းက ချေပဂိုးပြန်လည် သွင်းယူလိုက်၍ နှစ်ဂိုးစီ သရေဖြစ်သွားခြင်းဖြစ်သည်။

စွမ်းအင်အသင်းသည် လေးပွဲကစား နှစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရှစ်မှတ်ဖြင့် အဆင့် (၄) နေရာ ရောက်ရှိလာပြီး စွန်ရဲအသင်းသည် လေးပွဲကစား တစ်ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ငါးမှတ်ဖြင့် အဆင့် (၇)နေရာ တက်လာသည်။

ပဒေသာကွင်း

ဘဏ္ဍာ/အခွန် ငါးဂိုး။
လယ်/ဆည် ဂိုးမရှိ။

လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းသည် လေးပွဲကစား၊ လေးပွဲနိုင် ၁၂မှတ်ဖြင့် အမှတ်ပေးဇယား၌ ဆက်လက်ဦးဆောင်လျက်ရှိပြီး လယ်/ဆည်အသင်းမှာ လေးပွဲ ကစား တစ်ပွဲနိုင်၊ သုံးပွဲရှုံးသုံးမှတ်ဖြင့် အဆင့် ၁၂သို့ ရောက်သွားသည်။

ပဒုမ္မာကွင်း

ပြည်ထဲရေး နှစ်ဂိုး။
ရထားပို့ဆောင်ရေး တစ်ဂိုး။

ပြည်ထဲရေးအသင်းမှာ ယနေ့ပွဲ အနိုင်ရလိုက်၍ လေးပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး၊ လေးမှတ်ဖြင့် အဆင့် (၁၀)သို့ တက်လာပြီး ရထားပို့ဆောင်ရေးမှာ လေးပွဲကစား လေးပွဲရှုံးဖြင့် အမှတ်မရသေးပေ။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)
စီးပွား/ကူးသန်းနှင့်
လယ်ယာ/ထွက်ကုန်
(အောင်ဆန်းကွင်း)
သစ်တောနှင့်တံခွန်
(ပဒုမ္မာကွင်း)
ပို့ဆောင်ရေးနှင့်ကာကွယ်ရေး
(ပဒေသာကွင်း)
မြို့တော်စည်ပင်နှင့်
ဆောက်လုပ်ရေး

(ကြေးမုံ)



စွမ်းအင်အသင်း တိုက်စစ်မှူး နိုင်ဝင်းက စွန်ရဲအသင်း နောက်ခံလူများ ကာကွယ်သည့်ကြားမှ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားစဉ်။

(ကြေးမုံ)

နဝင်းကျောင်းတိုက် ဆီမီး ၉၀၀၀ ပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၈

ရန်ကုန်တိုင်းမင်္ဂလာဒုံမြို့နယ်ပေါင်းငူ ဉာဏရပ်ကွက် ရွှေနံ့သာကျေးရွာ နဝင်းကျောင်းတိုက်၌ နဝင်းဆရာတော် အရှင်ခေမာစာရအား အမှူးထား၍ တပည့်ဒါယကာ၊ ဒါယိကာမများက သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၁၇ရက် နံနက်၅နာရီတွင် ဆီမီး၉၀၀၀၊ ပန်း၉၀၀၀၊ နံ့သာ ၉၀၀၀၊ သစ်သီးဝလံတို့ဖြင့် စကြာမုနိ ဆုတောင်းပြည့်ရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်အဆူဆူအား ဆက်ကပ်ပူဇော်ပြီး နံနက်၉နာရီတွင် ဆုတောင်းပြည့်ရန်ပြေ၊ မာန်ပြေအေး စေတီတော်မြတ်ကြီးအား ဌာပနာသွင်း၍ ရေစက်ချလှူဒါန်းကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာနိုင်

ရန်ကုန် အောက်တိုဘာ ၈

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ကာ မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး၊ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့နံနက် မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန် တိုင်းထွာချက်များအရ ယမန်နေ့က တောင်တရုတ်ပင်လယ်ပြင်၊ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၏ အရှေ့ဘက် မိုင် ၃၀၀ ခန့်အကွာကို ဗဟိုပြုနေပြီး အနောက်ဘက်သို့ ရွေ့လျားလျက်ရှိကာ နောက် ၂၄ နာရီအတွင်း မြန်မာနိုင်ငံ အောက်ပိုင်းဒေသများသို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။

အောက်တိုဘာလ ၉ ရက် ညနေထိ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အောက်ပိုင်းတို့တွင် နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သုခဝတီလမ်းနေ ဒေါ်ခင်ထားလတ်၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး တိပိဋကကျောင်းတော်၏ တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋက နှစ်ပုံဆောင်ဆရာတော် ဘဒ္ဒန္တခေမာဝံသထံမှ အနုမောဒနာ နာယူပြီး ရေစက်ချ၍ တိ-နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)



စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ် နှိုးဆော်ချက်

စိတ်ကြွရူးသွပ်ဆေးသည် လူ၏စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတစ်ခုဖြစ်သဖြင့် ၁၉၇၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂ ညီလာခံ၏ထိန်းချုပ်ကွပ်ကဲမှုအရ တားမြစ်ထားသော ဆေးဝါးတစ်ခုဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးကိုသုံးစွဲပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ဖြစ်ပွားနိုင်ပါသည်-

* **နှလုံးခုန်မြန်ခြင်း၊ သွေးတိုးခြင်း၊ ဆေးအလွန်အကျွံ သုံးစွဲပါက တက်ခြင်းနှင့် ရုတ်တရက်သေဆုံးတတ်ခြင်း။**
* **ကိုယ်ပူရှိန်တက်ခြင်း၊ ချွေးထွက်များခြင်း၊ အပူလွန်ကဲခြင်းဖြစ်ပြီး သေဆုံးတတ်ခြင်း။**
* **စိတ်ကြွဆေးကိုစွဲလမ်းသွားပြီး မသုံးစွဲရလျှင် မနေနိုင်ဖြစ်လာခြင်း။**
* **အအိပ်အနေနည်းလာခြင်း၊ မည်သူတစ်ဦးတစ်ယောက်မှ ပြောဆိုခြင်းမရှိဘဲ နားထဲတွင် ခြိမ်းခြောက်သောအသံများ ကြားလာတတ်ခြင်း။**
* **ဂနာမငြိမ် ယောက်ယက်ခတ်လှုပ်ရှားမှုများခြင်း၊ သည်းမခံနိုင်ခြင်း၊ မထင်မှတ်ဘဲကြမ်းတမ်းသော အမူအရာဖြစ်တတ်ခြင်း၊ ပတ်ဝန်းကျင်ရှိလူများက မကောင်းကြံစည်နေသည်ဟု ထင်ယောင်ထင်မှား ဖြစ်ကာ ရာဇဝတ်မှုများ ဖြစ်ပွားနိုင်ခြင်း။**
* **ရေရှည်သုံးစွဲရာမှ သုံးစွဲမှုကိုရပ်ဆိုင်းလိုက်လျှင် စိတ်ဓာတ်ကျ၍ သတ်သေချင်စိတ်ဖြစ်ခြင်း စသည့် ရောဂါများ ဖြစ်ပွားနိုင်ပါသည်။**
* **လူမှုရေးပြဿနာများအနေနှင့်**
  - မူးယစ်ဥပဒေအရ အရေးယူခံရခြင်း
  - ပတ်ဝန်းကျင်၌ သိက္ခာကျဆင်းခြင်း
  - မိသားစုအတွင်း ဆက်ဆံရာတွင် အဆင်မပြေခြင်း၊ မိသားစုများ စိတ်ဆင်းရဲရခြင်း
  - မိမိ၏လုပ်ငန်းဆောင်တာများတွင် မှားယွင်းသော ဆုံးဖြတ်ချက်များပြုလုပ်တတ်ခြင်း
  - ရာဇဝတ်မှုမကင်းသည့် အပြုအမူများ ပြုလုပ်တတ်လာခြင်း

စသည့်ပြဿနာများနှင့် ကြုံတွေ့ရမှာဖြစ်ပါသည်။

သို့ပါ၍ စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများ၊ လူမှုရေးပြဿနာများမှ ကင်းဝေးစေရန် စိတ်ကြွရူးသွပ်ဆေးကို လုံးဝရှောင်ကြဉ်ပါ။

စိတ်ကြွရူးသွပ်ဆေးကို သုံးစွဲမိနေပါကလည်း ဆေးဖြတ်ရန်ကြိုးပမ်းပါ။ သတ်မှတ်ထားသော ဆေးရုံများတွင် မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး

ရန်ကုန် အောက်တိုဘာ ၈

တနင်္သာရီတိုင်း ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းတွင် ဘုတ်ပြင်းမြို့မှ ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီ-မြိတ် ကားလမ်းတစ်လျှောက် ဆီအုန်းပင် စိုက်ပျိုးပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့သို့ ရောက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❁

စက်ခလုတ်နှိပ်ဖွင့်လှစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်သူ့ဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြို့ပြနှင့် ကျေးလက် ကွာဟချက်များ ကျဉ်းမြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဘက်စုံဖော်ဆောင်နိုင် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ၌

ကျောင်းဆောင်သစ်၊ ဆေးပေးခန်းနှင့် မြစ်ကူးတံတားတို့ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်အကောင်အထည်ဖော်လျက်ရှိသော စီးပွားရေးစီမံကိန်းများ အောင်မြင်စေရန် နိုင်ငံတော်အစိုးရနှင့် ပြည်သူ ကြည်ဖြူစွာ လက်တွဲကြလျက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် အရှိန်အဟုန်ပြင်းစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပနန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ကျေးလက်ကျန်းမာရေးဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားတွင် ဆေးပေးခန်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးညီမောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)